မန္တလေး နေ့စဉ်
The Mandalay Daily
၁၉၉၇ ခုနှစ် ဩဂုတ်လ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၂၀၃)၊ ၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလပြည့်၊ ၂၉–၆–၂၀၂၅၊ တနင်္လာနေ့။

**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

**နိုင်ငံတော် ရှေ့သို့ ကုန်ထုတ်လုပ်မှု အားပေးစို့**

☆ နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်မှုသည် မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းတစ်ရပ်ဖြစ်သည်။
☆ ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရမည်။
☆ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုတိုးတက်အောင် ဆောင်ရွက်ရာတွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းများသည် များစွာအရေးပါသည်။

# ဒုတိယသမ္မတ ဦးညိုစော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ(၁/၂၀၂၅)အစည်းအဝေး တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဇွန် ၂၈**

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ(၁/၂၀၂၅)အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ရုံးအမှတ်(၃၀) စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညိုစော တက်ရောက်အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ သို့ ✻



ဒုတိယသမ္မတ ဦးညိုစော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ (၁/၂၀၂၅)အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## အထူးကုဆေးကုသရေးအဖွဲ့ တောင်ကြီးမြို့၌ ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက်

**နေပြည်တော် ဇွန် ၂၈**

ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မန္တလေးပြည်သူ့ဆေးရုံကြီး၊ ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံကြီး(မန္တလေး)တို့မှ ပါမောက္ခ/အထူးကု ဆရာဝန်ကြီး ၁၃ ဦးပါဝင်သည့် အထူးကုဆေးကုသရေးအဖွဲ့သည် ဇွန် ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများနှင့်အတူ တောင်ကြီးမြို့ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၌ ဒေသခံပြည်သူများအား ဆေးကုသမှုများ ဆောင်ရွက်ပေးသည်။



အဆိုပါအစီအစဉ်တွင် နှလုံးရောဂါဆိုင်ရာ လူနာ ၂၅၀၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ လူနာ ၈၄ ဦး၊ ဦးနှောက်နှင့် အာရုံကြောဆေးကုသမှုဆိုင်ရာ လူနာ ၂၅၄ ဦး၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုသမှုဆိုင်ရာ လူနာ ၂၄ ဦး၊ အသည်းရောဂါဆိုင်ရာ လူနာ ၈၀၊ ဆီးချိုနှင့် ဟော်မုန်းရောဂါလူနာ ၂၀၈ ဦး၊ ဆီးနှင့်ကျောက်ကပ်ဆေးကုလူနာ ၈၅ ဦး၊ ဆီးနှင့် ကျောက်ကပ်ခွဲစိတ်လူနာ ၃၉ ဦး၊ ရင်ခေါင်းရောဂါဆိုင်ရာ လူနာ ၅၃ ဦး၊ အရိုးအကြောအဆစ်ရောဂါဆိုင်ရာလူနာ ၄၆၀၊ ကလေးသွေးရောဂါနှင့် ကလေးဦးနှောက်နှင့် အာရုံကြောရောဂါဆိုင်ရာ လူနာ ၁၀၅ ဦး စုစုပေါင်း ဒေသခံပြည်သူ ၁၆၄၂ ဦးတို့ကို ကြည့်ရှုကုသမှုပေးခဲ့ပြီး နှလုံးပုံရိပ်ဖော်ရိုက်ကူးခြင်း (Echocardiography) ၇၇ ဦး၊ အစာအိမ်နှင့် အူလမ်းကြောင်း မှန်ပြောင်းကြည့်ရှုကုသခြင်း ၁၁ ဦး၊ အူမကြီးမှန်ပြောင်း ကြည့်ရှုစစ်ဆေးခြင်း ရှစ်ဦး၊ ကွန်ပျူတာဓာတ်မှန်ဖြင့် စစ်ဆေးခြင်း (CT scan) ၂၄ ဦး၊ သံလိုက်ဓာတ်မှန် (MRI) စစ်ဆေးခြင်း နှစ်ဦး၊ ဓာတ်မှန်ဖြင့် ရောဂါရှာဖွေခြင်း ၃၄၉ ဦး၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှု ၁၂၄၅ ခု၊ တယ်လီဗေးရှင်းဓာတ်မှန် (Ultrasound)ဖြင့် ရောဂါရှာဖွေခြင်း ၁၅၂ ဦး၊ နှလုံးစက်ဖြင့်စစ်ဆေးခြင်း (ECG) ၃၂၈ ဦး၊ ဦးခေါင်းခွံဖွင့်၍ ပြင်ပပစ္စည်း(Foreign Body) ခွဲစိတ်ထုတ်ပေးခြင်းတစ်ခုနှင့် ဆီးနှင့် ကျောက်ကပ်ခွဲစိတ်ကုသမှုတစ်ခုတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။

လာရောက်ပြသသော လူနာများတွင် တောင်ကြီးမြို့နယ်သာမက ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့ရှိ မြို့နယ်ပေါင်း ၁၁ မြို့နယ်မှ မြို့ပေါ်နှင့်ကျေးလက်နေပြည်သူများပါဝင်ပြီး ရောဂါရှာဖွေစစ်ဆေးမှုနှင့် ကုသမှုဆက်လက်ဆောင်ရွက်ရန် လိုအပ်သော လူနာ ၁၉ ဦးကို သက်ဆိုင်ရာဆေးရုံကြီးများသို့ လွှဲပြောင်းကုသပေးနိုင်ခဲ့သည်။

ရှမ်းပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်းနှင့် ပြည်နယ်လူမှုရေးရာဝန်ကြီး ဒေါ်နန်းခမ်းလူတို့သည် တာဝန်ရှိသူများနှင့်အတူ ဇွန် ၂၇ ရက်တွင် စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၌ လာရောက်ပြသကုသမှုခံယူကြသော လူနာများကို အားပေးစကားပြောကြားကာ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများအား တွေ့ဆုံနှုတ်ဆက်၍ ဆေးကုသမှုများကို ကြည့်ရှုအားပေးပြီး ဒေသထွက်လက်ဆောင်များ ပေးအပ်ကြသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ကျန်းမာရေးစောင့်ရှောက်မှုများကို ပြည်သူများ လက်လှမ်းမီရရှိနိုင်ရန်၊ ဆေးကုသမှုအတွက် လူနာမှ စိုက်ထုတ်ကုန်ကျစရိတ် လျော့နည်းစေရန် ယခုကဲ့သို့ အထူးကုဆေးကုသရေးအစီအစဉ်များကို အခြားမြို့နယ်များသို့လည်း သွားရောက်ရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

သတင်းစဉ်

၂၀၂၆ ခုနှစ်၊ ဇွန် ၂၉ ရက်၊ တနင်္လာနေ့။

မန္တလေး

## MSME ကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေး အပြန်အလှန်ချိတ်ဆက်ဆောင်ရွက်ရမည်ဖြစ်

"နိုင်ငံတော်ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့" ဟူသည့် ဆောင်ပုဒ်အတိုင်း စိုက်ပျိုးမွေးမြူရေး ဒေသထွက်ကုန်ကြမ်း အခြေပြု MSME ကုန်ထုတ်လုပ်ငန်းများသည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အခြေခံမောင်းနှင်ပေးသည့် အင်အားတစ်ရပ်ဖြစ်သည်။ ထို့အပြင် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အလုပ်အကိုင်အများဆုံး ဖန်တီးပေးနိုင်ရုံသာမက ဒေသတွင်း စီးပွားရေးလည်ပတ်မှုကိုလည်း ပိုမိုအားကောင်းစေပြီး ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်အောင် တိုက်ရိုက်အထောက်အကူပြုနေသည့် လုပ်ငန်းများလည်းဖြစ်သည်။ ကုလသမဂ္ဂ၏ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များကို အကောင်အထည်ဖော်ရာတွင် MSME များသည် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြကြောင်း၊ ထို့ကြောင့် ကမ္ဘာ့စီးပွားရေးမဏ္ဍိုင်နှင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုများတွင် အရေးပါလှသည့် MSME လုပ်ငန်းများကို အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၁၇ ခုနှစ်၊ ဧပြီလ(၆)ရက်နေ့ ကုလသမဂ္ဂ၏ အထွေထွေညီလာခံအစည်းအဝေးတွင် နှစ်စဉ် ဇွန်လ(၂၇)ရက်နေ့ကို World MSME Day အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ MSME ကဏ္ဍသည် ကုန်ထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ ဝန်ဆောင်မှုစသည့်လုပ်ငန်းများအားလုံး ပါဝင်နေသောကြောင့် MSME စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် နိုင်ငံတော်၏ ပြည်တွင်း အသားတင်ထုတ်လုပ်မှု (GDP) တိုးတက်လာမည်ဖြစ်ပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးတွင်လည်း များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ဇွန် ၂၇ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1) ၌ ကျင်းပသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၊ ကမ္ဘာ့အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနေ့ (World MSME Day) အထိမ်းအမှတ်အခမ်းအနား၌ ပြောကြားသည်။

နိုင်ငံတော်သမ္မတက ဆက်လက်ပြောကြားရာတွင် နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များကို လက်တွေ့ကျကျ အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်ရန်နှင့် မိမိတို့နိုင်ငံ၏ အခြေခံကျောရိုးဖြစ်သည့် MSME ကဏ္ဍကို အရှိန်အဟုန်မြှင့် အားပေးဆောင်ရွက်ရန်အတွက် စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနကို မိမိတို့အစိုးရသစ်တွင် စတင်တိုးချဲ့ပြင်ဆင် ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းသည် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် MSME ကဏ္ဍကို စနစ်တကျဖြင့် ပြောင်းမြောက်စွာတိုးတက်စေချင်သည့် နိုင်ငံတော်၏ မျှော်မှန်းချက်၊ ဦးတည်ချက်နှင့် သန္နိဋ္ဌာန်ကို ပြသခြင်းပင်ဖြစ်ကြောင်း၊ ယနေ့ကမ္ဘာပေါ်တွင်ရှိသည့် စီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းခန့်သည် MSME များဖြစ်ပြီး အလုပ်အကိုင်ဖန်တီးပေးမှုအပိုင်း၌ ၆၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းနှင့် GDP ၏ ၅၀ ရာခိုင်နှုန်းခန့်ရှိနေကြောင်း ကမ္ဘာ့ဘဏ်နှင့် ကုလသမဂ္ဂ၏ အချက်အလက်များအရ လေ့လာသိရှိရကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း စီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းခန့်သည် MSME လုပ်ငန်းများဖြစ်နေပြီး အလုပ်အကိုင်ဖန်တီးပေးနိုင်မှုအနေဖြင့် ၇၀ ရာခိုင်နှုန်းခန့်ရှိနေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် MSME ကဏ္ဍဖွံ့ဖြိုးရေးသည် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် မဖြစ်မနေလုပ်ဆောင်ရမည့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ရှုမြင်ပြီး အားလုံးက ဝိုင်းဝန်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။ ကုန်ထုတ်လုပ်မှုကဏ္ဍ အဆင်ပြေချောမွေ့ပြီး MSME ကဏ္ဍစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အပြန်အလှန်ချိတ်ဆက်နေသည့် အဓိကမဏ္ဍိုင်ကြီး (၄)ရပ်ဖြစ်သည့် ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီးနှင့် လူသားအရင်းအမြစ်တို့ တိုးတက်မြင့်မားအောင် ကြိုးစားလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။




## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး<br>ရာထူး၊ ဌာန |
|---|---|
| (၁) ဒေါက်တာ မေစန်းရီ | ပါမောက္ခချုပ်<br>ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၂) ဒေါက်တာ ခင်ကေခိုင် | ပါမောက္ခချုပ်<br>မကွေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

## အိုလံပစ်နေ့အထိမ်းအမှတ် ဝူရှူး(ထောက်လှ)ပြိုင်ပွဲ၊ သရုပ်ပြပွဲနှင့် ဆုပေးပွဲ ကျင်းပ

**မန္တလေး ဇွန် ၂၈**

၂၀၂၆ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် ဝူရှူး(ထောက်လှ) ပြိုင်ပွဲ၊ သရုပ်ပြပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ချမ်းအေးသာစံမြို့နယ် လမ်း၃၀၊ လမ်း၇၀နှင့် ၇၁လမ်းကြား ဇထူးမိုးလုံလေလုံ အားကစားခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်၊ မန္တလေးတိုင်းဒေသကြီး ဝူရှူးဆပ်ကော်မတီဥက္ကဋ္ဌ ဦးအောင်နိုင်၊ မန္တလေးတိုင်းဒေသကြီးအမျိုးသမီးအားကစားအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါ်သန္တာဘုန်းဝင်း၊ မန္တလေးတိုင်းဒေသကြီးလက်ဝှေ့ဆပ်ကော်မတီဥက္ကဋ္ဌ ဦးကိုကိုကြီး၊ မန္တလေးတိုင်းဒေသကြီးဝူရှူးဆပ်ကော်မတီ အတွင်းရေးမှူး ဦးကျော်အေး(နည်းပြချုပ်)၊ တွဲဖက်အတွင်းရေးမှူး ဦးအောင်စည်သူနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် မိဘများ တက်ရောက်ကြသည်။

ဝူရှူးအားကစားသမားများက အတန်းလိုက် သရုပ်ပြကစားကြပြီး ဆုပေးပွဲကိုကျင်းပရာ မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။ (ဓာတ်ပုံ)



ယနေ့ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး အခြေခံပညာကျောင်း ၁၈ ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၈၀ ဦးဝင်ရောက်ယှဉ်ပြိုင်ကြသည်။ မန္တလေးတိုင်းဒေသကြီးဝူရှူးဆပ်ကော်မတီကို ၁၉၉၃ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ပြိုင်ပွဲများတွင် ၁၉၉၄ ခုနှစ်မှ စတင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ နှစ်ပေါင်း ၃၀ ကျော်အတွင်း နိုင်ငံတကာပြိုင်ပွဲများ၊ အရှေ့တောင်အာရှပြိုင်ပွဲများ၊ ဆီးဂိမ်းပြိုင်ပွဲများ၊ အိုလံပစ်ပြိုင်ပွဲများတွင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်များဆွတ်ခူးနိုင်ခဲ့သော အားကစားသမား ၅၀ ကျော်မွေးထုတ်ပေးနိုင်ခဲ့ပြီး ယနေ့ပြိုင်ပွဲများမှလည်း မျိုးဆက်သစ်အားကစားသမားများမွေးထုတ်ပေးနိုင်ရန် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း ဆပ်ကော်မတီအတွင်းရေးမှူးက ပြောကြားသည်။

(မန္တလေးနေ့စဉ်-၃)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများထုတ်ပြန်

**နေပြည်တော် ဇွန် ၂၈**

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ်၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ယနေ့နံနက်ပိုင်းတွင် စတင်ထုတ်ပြန်သည်။ အဆိုပါအောင်စာရင်းကို နံနက် (၄) နာရီတွင် Online မှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ရာ စာစစ်ဌာနအလိုက် အောင်စာရင်းများကို www.myanmarexam.org တွင်လည်းကောင်း၊ ခုံအမှတ်ထည့်သွင်း၍ ကြည့်ရှုနိုင်သော အောင်စာရင်းကို result.dme.gov.mm တွင်လည်းကောင်း ထုတ်လွှင့်သည်။

ထို့အပြင် သက်ဆိုင်ရာစာစစ်ဌာနများ၊ မြို့နယ်ပညာရေးမှူးရုံးများတွင်လည်း အောင်စာရင်းကြေညာချက်များကို နံနက် ၆ နာရီမှစတင်၍ ကြည့်ရှုနိုင်ရန် စီစဉ်ပေးခဲ့ကြောင်း သိရသည်။

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ၂၅၅၂၂၈ ဦး ဖြေဆိုပြီး ၁၃၃၆၇၃ ဦး အောင်မြင်သဖြင့် အောင်ချက်ရာခိုင်နှုန်း ၅၂ ဒသမ ၃၇ ရာခိုင်နှုန်းဖြစ်ကြောင်းနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင် စာမေးပွဲကို ၃၃၆၄ ဦး ဖြေဆိုပြီး ၁၆၇၂ ဦး အောင်မြင်သဖြင့် အောင်ချက်ရာခိုင်နှုန်း ၄၉ ဒသမ ၇၀ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

ထို့အပြင် ပြည်နယ်/တိုင်းဒေသကြီးအလိုက် ဖြေဆို၊ အောင်မြင်၊ အောင်ချက်

**၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ**
**ပြည်နယ်/တိုင်းဒေသကြီးအလိုက် ဖြေဆို/အောင်မြင်ဦးရေပြဇယား**

အက္ခရာစဉ်

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ဖြေဆို ဦးရေ | အောင်မြင် ဦးရေ | အောင်မြင် ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁ | ကချင်ပြည်နယ် | ၁၁၆၃၄ | ၆၃၃၀ | ၅၄.၄၁% |
| ၂ | ကယားပြည်နယ် | ၄၇၁ | ၂၃၄ | ၄၉.၆၈% |
| ၃ | ကရင်ပြည်နယ် | ၃၆၆၀ | ၁၆၈၇ | ၄၆.၀၉% |
| ၄ | ချင်းပြည်နယ် | ၈၄၃ | ၁၆၁ | ၁၉.၁၀% |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၂၅၂၆ | ၅၉၀၅ | ၄၇.၁၄% |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၅၉၉၁ | ၂၇၆၄ | ၄၆.၁၄% |
| ၇ | နေပြည်တော် | ၁၄၁၃၁ | ၇၀၂၁ | ၄၉.၆၉% |
| ၈ | ပဲခူးတိုင်းဒေသကြီး(အရှေ့) | ၁၄၆၂၇ | ၇၂၄၃ | ၄၉.၅၂% |
| ၉ | ပဲခူးတိုင်းဒေသကြီး(အနောက်) | ၁၁၈၆၆ | ၇၀၇၂ | ၅၉.၆၀% |
| ၁၀ | မကွေးတိုင်းဒေသကြီး | ၂၁၂၁၉ | ၁၂၃၉၀ | ၅၈.၃၉% |
| ၁၁ | မန္တလေးတိုင်းဒေသကြီး | ၄၅၆၃၅ | ၂၈၃၉၃ | ၆၂.၂၂% |
| ၁၂ | မွန်ပြည်နယ် | ၁၀၅၄၂ | ၅၉၂၄ | ၅၆.၁၉% |
| ၁၃ | ရခိုင်ပြည်နယ် | ၁၆၉၂ | ၈၂၀ | ၄၈.၄၆% |
| ၁၄ | ရန်ကုန်တိုင်းဒေသကြီး | ၄၆၈၈၉ | ၂၃၂၀၃ | ၄၉.၄၈% |
| ၁၅ | ရှမ်းပြည်နယ်(တောင်) | ၁၃၃၈၃ | ၆၅၃၇ | ၄၈.၈၅% |
| ၁၆ | ရှမ်းပြည်နယ်(မြောက်) | ၁၆၈၇ | ၇၃၅ | ၄၃.၅၇% |
| ၁၇ | ရှမ်းပြည်နယ်(အရှေ့) | ၁၉၇၂ | ၇၂၆ | ၃၆.၈၂% |
| ၁၈ | ဧရာဝတီတိုင်းဒေသကြီး | ၃၆၄၃၆ | ၁၆၅၀၇ | ၄၅.၃၀% |
| ၁၉ | နိုင်ငံခြား | ၂၄ | ၂၁ | ၈၇.၅၀% |
| | စုစုပေါင်း | ၂၅၅၂၂၈ | ၁၃၃၆၇၃ | ၅၂.၃၇% |

**၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ**
**ပြည်နယ်/တိုင်းဒေသကြီးအလိုက် ဖြေဆို/အောင်မြင်ဦးရေပြဇယား**

အက္ခရာစဉ်

| စဉ် | ပြည်နယ်/ တိုင်းဒေသကြီး | ဖြေဆို ဦးရေ | အောင်မြင် ဦးရေ | အောင်မြင် ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁ | ကချင်ပြည်နယ် | ၂၀၀ | ၇၃ | ၃၆.၅၀% |
| ၂ | ကယားပြည်နယ် | ၂၆ | ၈ | ၃၀.၇၇% |
| ၃ | ကရင်ပြည်နယ် | ၁၁၂ | ၅၉ | ၅၂.၆၈% |
| ၄ | ချင်းပြည်နယ် | ၂၇ | ၁၂ | ၄၄.၄၄% |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၃၇၇ | ၁၇၇ | ၄၆.၉၅% |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၃၈ | ၁၇ | ၄၄.၇၄% |
| ၇ | နေပြည်တော် | ၂၃၀ | ၁၀၁ | ၄၃.၉၁% |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၄၃၅ | ၂၂၇ | ၅၂.၁၈% |
| ၉ | မကွေးတိုင်းဒေသကြီး | ၃၄၅ | ၁၈၄ | ၅၃.၃၃% |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၃၃၇ | ၁၆၄ | ၄၈.၆၆% |
| ၁၁ | မွန်ပြည်နယ် | ၅၇ | ၃၁ | ၅၄.၃၉% |
| ၁၂ | ရခိုင်ပြည်နယ် | ၁၁ | ၄ | ၃၆.၃၆% |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၄၀၂ | ၂၀၈ | ၅၁.၇၄% |
| ၁၄ | ရှမ်းပြည်နယ် | ၄၀၅ | ၂၆၈ | ၆၆.၁၇% |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၃၆၂ | ၁၃၉ | ၃၈.၄၀% |
| | စုစုပေါင်း | ၃၃၆၄ | ၁၆၇၂ | ၄၉.၇၀% |

ရာခိုင်နှုန်းနှင့် ဘာသာတွဲအလိုက် အမှတ်အများဆုံးရရှိသူ ၁၀ ဦး စာရင်းများကိုလည်း www.myanmarexam.org တွင် လွှင့်တင်ထားကြောင်း သိရပြီး ကျောင်းသားကျောင်းသူများနှင့် မိဘပြည်သူများ အနေဖြင့် လွယ်ကူအဆင်ပြေစွာ ကြည့်ရှုနိုင်ကြောင်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## ဘက်စုံသုံးခန်းမတိုးချဲ့ဆောင် ဆောက်လုပ်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ပူတာအို ဇွန် ၂၈**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ ပူတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ခု ဘဏ္ဍာရေးနှစ် ဆာရ်ခွန်ဒမ်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း(VDP) စီမံကိန်းဖြင့် ဘက်စုံသုံးခန်းမတိုးချဲ့ဆောင် ဆောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထို့သို့ကွင်းဆင်းစစ်ဆေးရာတွင် ပူတာအိုခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မေညွန့်၊ ပူတာအိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဇော်လင်းနှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီဝင်များနှင့်အတူ ဆာရ်ခွန်ဒမ်းကျေးရွာ ဘက်စုံသုံးခန်းမတိုးချဲ့ဆောင်ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများကို ရည်ရှည်တည်တံ့အောင်ထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်ကြောင်း မှာကြားသည်။

အဆိုပါ ဆာရ်ခွန်ဒမ်း ကျေးရွာ၌ အလျား ၁၀ပေ၊ အနံ ၁၀ ပေ၊ အမြင့်၁၄ပေရှိ ဘက်စုံ သုံးခန်းမတိုးချဲ့ဆောင်ဆောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုး ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် ၁၅သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ်၀ ဒသမ ၉၆ သန်းတို့ဖြင့် အကုန်ကျခံကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာပြည်သူများကိုယ်တိုင် မေလစတုတ္ထပတ် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၁၀၀ ရာခိုင်နှုန်းပြီးစီးဖြစ်ကြောင်း ပူတာအိုမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဇော်လင်း ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**

## တွန်းဖုံမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၂၈**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ ယမန်နေ့က တီးတိန် - တွန်းဖုံလမ်းပိုင်း အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လမ်းများအား ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုအပ်သည့် ပြုပြင်ထိန်းသိမ်းမှုများဆောင်ရွက်ရန်၊ လိုအပ်သည့်နေရာများတွင် Culvert များ တည်ဆောက်ရန်၊ မိုးရာသီတွင် ရေမတင်စေရေး အလေးထားဆောင်ရွက်ရန်၊ မိုးတွင်းတွင် တောင်ပြို၍ လမ်းပြတ်တောက်မှုမရှိစေရေး တာဝန်ရှိသူ အဆင့်ဆင့်က ကြိုတင်စုဖွဲ့၍ အလေးထား ကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် တွန်းဖုံမြို့ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံပြီး လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာကျင့်သုံးရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်၍ ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံရာတွင် ဝန်ကြီးဌာနနှင့် နိုင်ငံတော်အစိုးရ၏ပုံရိပ်ကို ထိခိုက်စေသော လုပ်ကိုင်ဆောင်ရွက်မှုများကို အလေးထား ရှောင်ကြဉ်ရမည်ဖြစ်ကြောင်း ပြောကြားကာ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ယင်းနောက် တွန်းဖုံမြို့ရှိ Cyclone Shelter (သဘာဝဘေးဒဏ်ခိုလှုံသည့်နေရာ)အား ကြည့်ရှုပြီးခုတင် - ၅၀ဆံ့မြို့နယ်ပြည်သူ့ဆေးရုံ(တွန်းဖုံ) ၌ ဆေးရုံအုပ်(တာဝန်ခံ)၊ တပ်မတော်မှ ဆရာဝန်၊ ဆေးရုံဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးကာ လိုအပ်သည်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဆေးရုံတွင် ပြင်ပလူနာများအား ဆေးကုသပေးနေမှုအခြေအနေနှင့် အတွင်းလူနာများအား လက်ခံကုသပေးရန် ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လာရောက်ဆေးကုသမှုခံယူသည့် ပြည်သူများနှင့် ဝန်ထမ်းများအား ထောက်ပံ့ကြေးနှင့် ကော်ဖီထုပ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## PAU ZA LANGH ၏ BETWEEN အမည်ဖြင့် ပထမဆုံးတစ်ကိုယ်တော်ပန်းချီပြပွဲ ပြုလုပ်မည်

**ပြင်ဦးလွင် ဇွန် ၂၈**

လူငယ်ပန်းချီဆရာ PAU-ZA LANGH ၏ "BETW-EEN" အမည်ဖြင့် ပထမဆုံး တစ်ကိုယ်တော်ပန်းချီပြပွဲကို ဇူလိုင် ၁ ရက် နံနက် ၉ နာရီတွင် ပြင်ဦးလွင်မြို့၊ ပဒေသာမြို့သစ်၊ ရပ်ကွက်ကြီး(၁၀)၊ ဒုဋ္ဌဝတီလမ်း၊ အမှတ် (၈/၅၈)ရှိ တောင်လေ့ကား HOME ART GALLERY အနုပညာပြခန်း၌ ဖွင့်လှစ်ပြသသွားမည်ဖြစ်သည်။

ARTIST PAU ZA LAN-GH အား ချင်းပြည်နယ် တီးတိန်မြို့တွင် မွေးဖွားခဲ့ပြီး လက်ရှိအချိန်တွင် ရန်ကုန်မြို့တွင် အခြေချနေထိုင်ရင်း ပန်းချီအနုပညာရပ်များကို ရေးဆွဲဖန်တီးလျက်ရှိပြီး အမျိုးသားယဉ်ကျေးမှုတက္ကသိုလ် (မန္တလေး)မှ ပန်းချီမေဂျာဖြင့် ကျောင်းပြီးခဲ့သူ တစ်ဦးဖြစ်လျက် GROUP SHOW များ၊ နိုင်ငံတကာပြပွဲများတွင် ပါဝင်ပြသခဲ့သည်။

ယခုပြသမည့် ပန်းချီပြပွဲတွင် ချင်းပြည်နယ်၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ၊ ချင်းပြည်နယ်၏ လှပမောဖွယ်မြင်ကွင်းများအား ပန်းချီကားများတွင် အသက်သွင်းထားသော လူငယ်ပန်းချီဆရာတစ်ယောက်၏ ဆန်းသစ်မှု၊ တိုင်းရင်းသားပန်းချီဆရာတစ်ယောက်၏ ကိုယ်ပိုင်ဟန် အပြည့်ဖြင့် ဖော်ကြူးထားသော အနုပညာလက်ရာ၊ MEDIUM အစုံရေးဆွဲထားသော ပန်းချီကားပေါင်း ၅၅ ကားအား ပြသသွားမည်ဖြစ်ရာ ပြပွဲအား ဇူလိုင် ၁ ရက်မှ ဇူလိုင် ၅ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်၍ အနုပညာချစ်မြတ်နိုးသူများ လာရောက်လေ့လာခံစားကြည့်ရှုနိုင်ကြောင်း သိရသည်။

**ကျော်မင်းသော်**

## အင်းစိန်ဗဟိုအကျဉ်းထောင်မှ ဖြေဆိုအောင်မြင်မှုမှာ ၁၀၀ ရာခိုင်နှုန်းဖြင့် ၅ နှစ် ဆက်တိုက် ဖြေဆိုအောင်မြင်

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**
**သတင်းထုတ်ပြန်ချက် အမှတ်စဉ် ( ၇ / ၂၀၂၆)**

၁။ ပညာရေးသည် လူတစ်ဦးချင်းစီ၏ အခြေခံလူ့အခွင့်အရေးတစ်ရပ်ဖြစ်သည့်အပြင် နိုင်ငံတစ်နိုင်ငံ၏ လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေး ဖွံ့ဖြိုးတိုးတက်မှုကို အခြေခံပံ့ပိုးပေးသော အရေးကြီးသည့် မဏ္ဍိုင်တစ်ရပ်လည်းဖြစ်ပါသည်။

၂။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ ပုဒ်မ ၃၆၆၊ ပုဒ်မခွဲ(က)၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ် ၂၆(က)၊ မြန်မာနိုင်ငံမှ ပါဝင်ချုပ်ဆိုထားသော ကုလသမဂ္ဂ၏ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် အပိုဒ် ၂၈၊ ၂၉၊ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ(၂၀၁၅ ခုနှစ်) ပုဒ်မ ၂၀ နှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ(၂၀၁၉ခုနှစ်) ပုဒ်မ ၄၆၊ ၄၇၊ တို့တွင် ပညာသင်ယူခွင့်နှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းကြေညာထားပါသည်။

၃။ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ရာ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူ ၅၂.၃၇ ရာခိုင်နှုန်း အနက် အကျဉ်းဦးစီးဌာနအောက်ရှိ အင်းစိန်ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား ၃၆ ဦး ဖြေဆိုအောင်မြင်ခဲ့ပြီး ယခုနှစ်နှင့်ပါဆိုလျှင် အင်းစိန်ဗဟိုအကျဉ်းထောင်မှ ဖြေဆိုအောင်မြင်မှုမှာ ၁၀၀ ရာခိုင်နှုန်းဖြင့် ၅ နှစ်ဆက်တိုက် ဖြေဆိုအောင်မြင်မှုဖြစ်ပြီး မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား ၁၀ ဦး၊ စုစုပေါင်း အကျဉ်းသား ၄၆ ဦး အောင်မြင်ခဲ့ပါသည်။ အောင်မြင်သူများတွင် ၃ ဘာသာဂုဏ်ထူးရှင် ၅ ဦး၊ ၂ ဘာသာဂုဏ်ထူးရှင် ၆ ဦးနှင့် ၁ ဘာသာဂုဏ်ထူးရှင် ၆ ဦး ပါဝင်ပါသည်။ လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ လူငယ်သင်တန်းကျောင်းများနှင့် မသန်စွမ်းကျောင်းများမှ သင်တန်းသား၊ သင်တန်းသူများဖြစ်ကြသော ကြည့်မြင်တိုင် မျက်မမြင်ကျောင်းမှ အမြင်အာရုံမသန်စွမ်းသူ ၂ ဦး၊ ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းမှ ၃ ဦး၊ အမျိုးသမီး ကလေးများ သင်တန်းကျောင်း (မန္တလေး)မှ ၁ ဦး၊ လပွတ္တာ လူငယ့်အားမာန်သင်တန်းကျောင်းမှ ၁ ဦး၊ မန္တလေး လူငယ်သင်တန်းကျောင်းမှ ၄ ဦးလည်း အောင်မြင်ခဲ့ကြောင်း သိရှိရပါသည်။

၄။ ပညာရေးကို မြှင့်တင်ရင်းနှီးမြှုပ်နှံခြင်းသည် လူတစ်ဦးချင်း၏ အနာဂတ်ကိုသာမက နိုင်ငံ၏ ယှဉ်ပြိုင်နိုင်စွမ်းနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း မရှိမဖြစ်အရေးကြီးသော ရင်းနှီးမြှုပ်နှံမှုတစ်ရပ်ဖြစ်သောကြောင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်သူ အားလုံးအတွက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အကျဉ်းထောင်များရှိ အကျဉ်းသား၊ အကျဉ်းသူများ၊ လူငယ်သင်တန်းကျောင်းများရှိ ကလေးသူငယ်များနှင့် မသန်စွမ်းကျောင်းများမှ မသန်စွမ်းသူများ ပညာသင်ယူခွင့် ဆက်လက်ရရှိနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဟု ယုံကြည်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၈ ရက်

## ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သိပ္ပံတွဲနှင့် ဝိပ္ပံတွဲတို့၌ အဆင့် ၁ မှ ၁၀ အတွင်း ရန်ကုန်တိုင်းဒေသကြီးမှ သုံးဦး ရရှိခဲ့

တွေ့ဆုံမေးမြန်း - သစ္စာ(mna)
ဓာတ်ပုံ - ဌေးမာန်

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စာစစ်ဌာနများ၌ ထုတ်ပြန်ကြေညာခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ကျောင်းသား ကျောင်းသူ ၄၆၈၈၉ ဦး ဝင်ရောက်ဖြေဆိုမှုတွင် ၂၃၂၀၃ ဦး အောင်မြင်ကာ အောင်မြင်မှုရာခိုင်နှုန်း ၄၉ ဒသမ ၄၈ ရာခိုင်နှုန်းရရှိခဲ့ပြီး ခြောက်ဘာသာဂုဏ်ထူးရှင် ၇၉ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၂၉၇ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၆၄၁ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၉၈၈ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၁၇၅ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၂၄၇၉ ဦး ရှိခဲ့သည်။

ထို့ပြင် သိပ္ပံတွဲနှင့် ဝိပ္ပံတွဲတို့ဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အဆင့် ၁ မှ ၁၀ အတွင်း ရရှိသူ သုံးဦးရှိပြီး ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်(အရှေ့ပိုင်း) အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်းမှ ဝိပ္ပံတွဲဖြင့် အဆင့်(၁)တစ်ဦး၊ သိပ္ပံတွဲဖြင့် ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ အဆင့်(၄)တစ်ဦးနှင့် ဝိပ္ပံတွဲဖြင့် လှည်းကူးမြို့နယ် မဟောသဓာကိုယ်ပိုင်အထက်တန်းကျောင်းမှ အဆင့်(၅) တစ်ဦးတို့ ဖြစ်ကြသည်။

ထိုကဲ့သို့ ၂၀၂၆ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသူများ၊ ဂုဏ်ထူးများဖြင့် အောင်မြင်ခဲ့ကြသူများ၏ ဝမ်းသာပီတိစကားသံများကို စုစည်းဖော်ပြအပ်ပါသည်-


ဒေါက်တာစန္ဒာမြငြိမ်း


မသက်နှင်းစံ


မေမြတ်သဲခိုင်


မောင်ကောင်းခန့်ဇော်

**ဒေါက်တာ စန္ဒာမြငြိမ်း (ကျောင်းအုပ်ကြီး၊ ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း)**

၂၀၂၆ ခုနှစ်မှာ ဒဂုံ အထက(၁)အနေနဲ့ တက္ကသိုလ်ဝင်စာမေးပွဲကို ကျောင်းသား ကျောင်းသူ ၂၄၉ ဦး ဖြေဆိုခဲ့ပြီး အောင်မြင်သူ ၁၈၈ ဦးမှာ ဂုဏ်ထူးက ၈၆ ဦးနဲ့ ရိုးရိုးအောင်မြင်မှု ၁၀၂ ဦး ရှိတဲ့အတွက် အောင်ချက် ၇၅ ဒသမ ၅၀ ရာခိုင်နှုန်း ရရှိခဲ့ပါတယ်။ ကျောင်းကနေ မြန်မာတစ်နိုင်ငံလုံး အဆင့် ၄ နဲ့ အောင်မြင်သူတစ်ဦး၊ တိုင်းဒေသကြီးအနေနဲ့ အဆင့် ၁၊ အဆင့် ၄ နဲ့ အဆင့် ၇ သုံးဦး အောင်မြင်မှုရရှိခဲ့ပါတယ်။

အခုလိုအောင်မြင်မှုရရှိတာဟာ မိဘ၊ ဆရာနဲ့ ကျောင်းသားကျောင်းသူ ပူးပေါင်းမှုရဲ့ရလဒ်ပဲဖြစ်ပါတယ်။ စာသင်နှစ်တစ်ခုလုံး တတ်မြောက်မှု စစ်ဆေးခြင်းလေးကြိမ် ပြုလုပ်ခဲ့ပါတယ်။ ဒီလိုစစ်ဆေးရာမှာ ကောင်း၊ သင့်၊ ညံ့ ကလေးအားလုံး အကျုံးဝင်ဖြေဆိုနိုင်အောင် ဘာသာရပ်မှူးတွေ ဦးဆောင်မှုနဲ့ မေးခွန်းပြုစုပြီး စစ်ဆေးခဲ့ပါတယ်။ အဲဒီကနေ ရရှိတဲ့ ရလဒ်အရ အားနည်းတဲ့ကလေးတွေကို သက်ဆိုင်ရာ ဘာသာရပ်မှူးတွေနဲ့ မိဘတွေပူးပေါင်းပြီး အောင်ချက်မြင့်မားရေး အစီအစဉ်တွေ ပြုလုပ်ခဲ့ပါတယ်။ ကျောင်းကနေ ထူးချွန်ကျောင်းသားတွေ နှစ်စဉ်ပေါ်ထွန်းမှုအတွက် နိုင်ငံအတွက်သာမက ရန်ကုန်တိုင်းဒေသကြီးနဲ့ ဒဂုံ အထက-(၁)အတွက် အတိုင်းမသိဝမ်းမြောက်ဂုဏ်ယူပါတယ်။

တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့တဲ့ ကျောင်းသား ကျောင်းသူတွေ အနေနဲ့ အောင်မြင်မှုကို အခြေခံပြီး ပိုမိုမြင့်မားတဲ့ပညာရပ်တွေကို ဆည်းပူးကာ နိုင်ငံနဲ့လူမှုအသိုက်အဝန်းအတွက် အကျိုးပြုနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်။ အားနည်းခဲ့တဲ့သူတွေကလည်း တစ်ခါ မအောင်မြင်တာဟာ ဘဝတစ်ခုလုံးရှုံးနိမ့်သွားတာ မဟုတ်တဲ့အတွက် စိတ်ဓာတ်မကျဘဲ ထပ်မံကြိုးစားဖို့ အားပေးတိုက်တွန်းလိုပါတယ်။

**မသက်နှင်းစံ (သိပ္ပံတွဲ၊ တစ်နိုင်ငံလုံးအဆင့်-၄)**

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို မြန်မာတစ်နိုင်ငံလုံး အဆင့်(၄)နဲ့ ရန်ကုန်တိုင်းဒေသကြီးအနေနဲ့ အဆင့်(၁)ရရှိခဲ့ပါတယ်။ ကျောင်းနဲ့ မိဘအတွက် အခုလိုအောင်မြင်မှုရရှိအောင် ကြိုးစားပေးနိုင်ခဲ့တဲ့အတွက် ဂုဏ်ယူဝမ်းသာပီတိဖြစ်ရပါတယ်။ ကျွန်မကို အမြဲပံ့ပိုးစောင့်ရှောက်ပေးခဲ့တဲ့ ဖေဖေနဲ့ မေမေကို အဓိကကျေးဇူးတင်ပါတယ်။ ပြီးတော့ သင်ခန်းစာတိုင်းကို စနစ်တကျ သင်ကြားပြသပေးခဲ့တဲ့ ဆရာ ဆရာမများအားလုံးကို ကျေးဇူးတင်ပါတယ်။ အနန္တဂိုဏ်းဝင် မိဘနဲ့ ဆရာတွေကို လက်စုံမိုးပြီး ဦးခိုက်ကန်တော့ပါတယ်။ ကျောင်းမှာ စာသင်ယူတဲ့အချိန်တုန်းက အမှတ်အများဆုံးရတဲ့ ကျောင်းသား ကျောင်းသူ ၁၀ ဦးကို ထူးချွန်ထက်မြက်တံဆိပ်ပိုင်းလေးတွေ တပ်ဆင်ပေးထားတာကြောင့် အဲဒီတံဆိပ်လေးမပြုတ်သွားအောင် စာကိုအမြဲကြိုးစားလေ့လာခဲ့ပါတယ်။ စာမေးပွဲဖြေဆိုတဲ့အခါမှာလည်း အမှတ်ပေးစည်းမျဉ်းနဲ့အညီ ဖြေဆိုတတ်အောင် တက္ကသိုလ်က ပါမောက္ခဆရာ ဆရာမကြီးတွေကို ဖိတ်ခေါ်ပြီး သင်ပြပေးခဲ့ပါတယ်။ ဒီလိုသင်ယူနိုင်အောင် စီစဉ်ပေးတဲ့ ကျောင်းအုပ်ဆရာမကြီးကိုလည်း ကျေးဇူးအထူးတင်ပါတယ်။

အခုလို တက္ကသိုလ်ဝင်တန်းကို အောင်မြင်ဖို့ တစ်နေ့သင်ကြားတဲ့ စာကို တစ်နေ့အပြတ် လေ့လာခဲ့ပါတယ်။ စာသင်နှစ် တစ်ခုလုံးမှာ သာမန်ကြိုးစားမှုထက်ပိုတဲ့ လေ့ကျင့်မှုနဲ့ ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့ တစ်ချိန်လုံး စာကြည့်နေတာမျိုးမဟုတ်ဘဲ စိတ်အပန်းဖြေဖို့ နားချိန်လည်းထားဖို့ လိုအပ်တယ်ဆိုတာ အကြံပြုလိုပါတယ်။

**မမေမြတ်သဲခိုင် (ရန်ကုန်တိုင်းဒေသကြီး အဆင့်-၄)**

တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးခြောက်ဘာသာနဲ့ အောင်မြင်ခဲ့ပြီးတော့ ရန်ကုန်တိုင်းဒေသကြီးမှာ အဆင့် ၄ ရရှိခဲ့ပါတယ်။ အခုလို အောင်မြင်မှုရရှိအောင် မိဘနှစ်ပါးနဲ့ ဆရာ ဆရာမတွေက အများကြီး ပံ့ပိုးခဲ့ပါတယ်။ အခုလို ကျောင်းရဲ့ဂုဏ်ကို ဆောင်နိုင်ခဲ့တဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။

တက္ကသိုလ်ဝင်တန်း ဖြေဆိုကြမယ့် မောင်လေး၊ ညီမလေးတွေကို အကြံပြုချင်တာက ကိုယ့်ကိုယ်ကိုယ် မလိမ်ပါနဲ့။ စာမရတာ၊ မသိတာရှိရင် ဆရာ ဆရာမတွေကို သေသေချာချာမေးမြန်းပြီး ရှင်းပြပေးဖို့ တင်ပြသင့်ပါတယ်။ တက္ကသိုလ်ဝင်တန်းဟာ အရေးကြီးတာကြောင့် အချိန်ဇယားရေးဆွဲပြီး စာကိုသေချာလုပ်ဖို့ အကြံပြုလိုပါတယ်။ ကြိုးစားမှုတိုင်းဟာ အချည်းအနှီးမဟုတ်ပါဘူး။ ကိုယ်ကြိုးစားတဲ့အတိုင်း ပြန်ရပါတယ်။ ကျွန်မကတော့ ဆေးပညာကို သင်ယူလေ့လာပြီး နိုင်ငံတော်အတွက် လိုအပ်တဲ့နေရာမှာ တာဝန်ထမ်းဆောင်ချင်ပါတယ်။

**မောင်ကောင်းခန့်ဇော် (ရန်ကုန်တိုင်းဒေသကြီးအဆင့်-၇)**

ကျွန်တော်က ၂၀၂၆ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲမှာခြောက်ဘာသာ ဂုဏ်ထူးနဲ့ အောင်မြင်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးမှာ သတ္တမအဆင့် ရရှိခဲ့ပါတယ်။ ပျော်ရွှင်မှုထဲမှာ တက္ကသိုလ်ဝင်တန်းအောင်မြင်တဲ့ ခံစားမှုဟာ ထူးခြားပါတယ်။ စာသင်နှစ်မှာ ဖေဖေနဲ့ မေမေက လိုအပ်တာမှန်သမျှ ဖြည့်ဆည်းပေးပြီး ဆရာ ဆရာမတွေကလည်း စိတ်ရှည်ရှည်နဲ့ လေ့ကျင့်သင်ကြားပေးကြပါတယ်။ တစ်နှစ်ပတ်လုံး စာကိုပဲ တစိုက်မတ်မတ်ကြိုးစားခဲ့ပါတယ်။ အဲဒီကျေးဇူးတွေနဲ့ ကြိုးစားခဲ့မှုကြောင့် ဒီအဆင့်ကို တက်လှမ်းနိုင်ခဲ့တာပါ။ ကျွန်တော့်အနေနဲ့ တက္ကသိုလ်ဝင်တန်း ဖြေမယ့် ညီငယ် ညီမငယ်တွေကို ကြိုးစားဖို့ တိုက်တွန်းအကြံပြုပါတယ်။ ကြိုးစားမှုအတိုင်း အောင်မြင်မှုကို ပြန်လည်ရရှိပါလိမ့်မယ်။ ကျွန်တော်ကတော့ ဆေးပညာကို သင်ယူပြီးတော့ နိုင်ငံတော်အတွက် လိုအပ်တဲ့ဘက်ကနေ ကူညီပေးသွားမှာပါ။ ။

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့။**

## နိုင်ငံစီးပွားရန်ပုံငွေဖြင့် ဆောင်ရွက်သော (မိုးမြေပဲ၊မိုးစပါး) သီးနှံချေးငွေစနစ်ဖြင့် သွင်းအားစုပေးအပ်ပွဲကျင်းပ



**ညောင်ဦး ဇွန် ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၌ နိုင်ငံစီးပွားရန်ပုံငွေဖြင့် ဆောင်ရွက်သော (မိုးမြေပဲ၊ မိုးစပါး)သီးနှံ ချေးငွေစနစ်ဖြင့် သွင်းအားစုပေးအပ်ပွဲကို ယမန်နေ့က ညောင်ဦးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌရုံးခန်းတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ခင်ဌေးရီက နိုင်ငံစီးပွားရန်ပုံငွေဖြင့် မိုးမြေပဲဧက ၂၀၀၀ အတွက် ကျေးလက်တောင်သူ ၂၄၉ ဦးတို့အား ကွန်ပေါင်းမြေသြဇာ(ဓာမဏီ) ၁၅း၁၅း၁၅ တစ်အိတ်၊ တာဇာဖစ်ဂျစ်ပဆန် ခြောက်အိတ်၊ မျိုးမြေပဲခြောက်တင်းနှုန်း၊ အပင်အားဆေးတစ်ဘူးတို့အား သတ်မှတ်ဈေးနှုန်းတို့ဖြင့် သီးနှံပေါ်ချိန်တွင် တန်ဖိုးနှင့်ညီမျှသော သီးနှံအား သီးနှံပေါ်ချိန်သတ်မှတ်ဈေးနှုန်းဖြင့် ဝယ်ယူကြိတ်ခွဲတင်ပို့လုပ်ငန်းရှင်များထံ သီးနှံပြန်လည်ပေးခြင်း လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် လုပ်ငန်းရှင်များက လုပ်ငန်းအာမခံပစ္စည်းထားရှိသူများကို ကော်မတီထံ သို့ တင်ပြခဲ့ကြသည်။

ဆက်လက်၍ သွင်းအားစုငွေမင်းသားစိမ်းစို လုပ်ငန်းရှင် ဦးကျော်သူဝင်းက တောင်သူများသို့ အချိန်မီမျိုးနှင့် သွင်းအားစုဖြန့်ဖြူးထားရှိမှုကို ဝိုင်းကြီးချုပ်စနစ်ဖြင့် ဆောင်ရွက်ထားရှိပြီဖြစ်ကြောင်းနှင့် ဝယ်ယူကြိတ်ခွဲတင်ပို့လုပ်ငန်းရှင် ဦးကျော်သူလွင်က သီးနှံပေါ်ချိန်တွင် သီးနှံဖြန့်ဖြူးထားရှိသည့် ငွေနှင့်ညီမျှသော ထွက်ကုန်များကို သီးနှံပေါ်ချိန်ဈေးနှုန်းဖြင့် ပြန်လည်ဝယ်ယူမည်ဖြစ်ပြီး သတ်မှတ်ကာလအချိန်မီ ငွေများပြန်လည်ပေးဆပ်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ညောင်ဦးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် စိုက်ပျိုးရေးဦးစီးမှူးတို့က မိုးစပါးစိုက်တောင်သူကိုယ်စားလှယ်များအား သွင်းအားစုများပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ) (၄၈၁)**



## ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးသင်တန်းပို့ချ

**တောင်တွင်းကြီး ဇွန် ၂၈**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၌ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေး သင်တန်းကို ယမန်နေ့ နံနက်ပိုင်းက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးတွင် ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာစိုးမိုးဝင်းက မွေးမြူရေးတိရစ္ဆာန်များတွင် ကူးစက်ရောဂါများ အရှိန်အဟုန်မပြတ် ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ သင်တန်းကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကျွဲ၊ နွား၊ ကူးစက်ရောဂါများနှင့် ကာကွယ်ဆေးများ၊ အာဖရိကဝက်အပြင်းဖျားရောဂါနှင့် အခြားရောဂါများ၊ ရောဂါကူးစက်ပျံ့နှံ့ပုံနှင့် မွေးမြူရေးခြံများ ဇီဝလုံခြုံမှုမြှင့်တင်ရေးဆိုင်ရာ အကြောင်းအရာများကို ဆွေးနွေးပို့ချခဲ့ပြီး သင်တန်းသို့ မြို့နယ်အတွင်းရှိ မွေးမြူသူများနှင့် တိရစ္ဆာန်ကျန်းမာရေးလုပ်သား ၂၀ ဦး တက်ရောက်ကာ သင်တန်းကာလကို သုံးရက်ကြာ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**နောင်နောင်(ဗိသနိုးမြေ)**

*-*-*-*-*-*-*

## မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်း

**ကျောက်ဆည် ဇွန် ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ် အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး သွေးလှူဌာန၌ ဇွန် ၂၃ ရက် နံနက်ပိုင်းက မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ စုပေါင်းသွေးလှူဒါန်းခဲ့သည်။

စုပေါင်းသွေးလှူဒါန်းရာတွင် ကျောက်ဆည်မြို့နယ် အမျိုးသမီးရေးရာအသင်းဝင်များက စုပေါင်းသွေးလှူဒါန်းခဲ့ရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နှင်းယုသင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ပြီး သွေးလှူရှင်များအား အားအင်ပြန်လည်ပြည့်ဖြိုးရေး နို့အေး၊ ကြက်ဥ၊ ထောက်ပံ့ငွေနှင့် အမှတ်တရ တံဆိပ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ယာပုံ)**

**(၄၈၅)**





## မြေသြဇာထည့်သွင်းခြင်းနှင့် တန်းကြားထွန်လိုက်ခြင်းဆောင်ရွက်

**မိတ္ထီလာ ဇွန် ၂၈**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၌ ယူရီးယားဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာ အချိုးကျရောစပ်၍ ထည့်သွင်းခြင်းနှင့် တန်းကြားထွန်လိုက်ခြင်းကို ယမန်နေ့က အလည်ရွာကျေးရွာနှင့် မုန့်တိုင်ကျေးရွာရှိ နှမ်းသီးနှံ စံပြကွက်များတွင် ဆောင်ရွက်ခဲ့သည်။

မိတ္ထီလာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် နှမ်းသီးနှံ စိုက်ဧကများ သတ်မှတ်လျာထားချက်ပြည့်မီရေးနှင့် စိုက်ပျိုးသည့် နှမ်းစိုက်ဧကများ ပန်းတိုင်အထွက်နှုန်းရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မြို့နယ်ဦးစီးမှူး ဦးသက်နိုင်အေးက ကြီးကြပ်၍ စိုက်ပျိုးရေးဦးစီးဌာနမှ ရှေ့တန်းတာဝန်ခံနှင့် ဝန်ထမ်းများက ဒေသခံတောင်သူများနှင့် ပူးပေါင်း၍ ယူရီးယားဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာ ရောစပ်၍ ထည့်သွင်းခြင်းနှင့် တန်းကြားထွန်လိုက်ခြင်းလုပ်ငန်းများကို အလည်ရွာကျေးရွာ ကွင်းအမှတ်(၁၀၀၇)ရှိ တောင်သူ ဦးနေလင်းဇော်၏ နှမ်းသီးနှံ(ဆင်းရဟန်း)စံပြကွက်စိုက်ဧက နှစ်ဧက၊ တောင်သူ ဦးမြအေး၏ နှမ်းသီးနှံ (ကံ့ရှိ)စံပြကွက်စိုက်ဧက နှစ်ဧကနှင့် မုန့်တိုင်ကျေးရွာရှိ ကွင်းအမှတ်(၈၈၄)ရှိ တောင်သူ ဦးမောင်ဆန်းဝင်း၏ နှမ်းသီးနှံ(ကံ့ရှိ)စံပြကွက်စိုက်ဧကတစ်ဧကတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၄၆၉)**

## မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီမှဦးစီး၍ ရှေးဦးပြုစုခြင်း (သာမန်)သင်တန်းဖွင့်လှစ်

**မန္တလေး ဇွန် ၂၈**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏လမ်းညွှန်မှုဖြင့် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ ဦးစီး၍ ရှေးဦးပြုစုခြင်း (သာမန်)သင်တန်းကို ဇွန် ၂၆ ရက် နံနက် ၈ နာရီက တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီရုံး သင်တန်းခန်းမတွင် ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲသို့ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာသိန်းထွန်းဆောင်၊ အတွင်းရေးမှူး ဦးကျော်ကျော်၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ ဘေးကင်းလုံခြုံရေးနှင့် အန္တရာယ်ကင်းရှင်းရေးဌာနတာဝန်ခံ ဦးအောင်နိုင်လွင်၊ မန္တလေးတိုင်း အထောက်အကူပြုအရာရှိ၊ တိုင်းကြက်ခြေနီသူနာပြုတပ်ဖွဲ့မှဦးစီးမှူး(ဒုတိယတန်း)များနှင့် တပ်ဖွဲ့ဝင်များ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး တိုင်းအတွင်းရေးမှူးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ကြက်ခြေနီအသင်းခွဲများမှ ကြက်ခြေနီ စေတနာလုပ်အားရှင် ၃၀ ဦးအား ဇွန် ၂၆ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**မောင်ပြည်သူ(မန္တလေး)**





## မြို့သစ်မြို့နယ်တွင် လူငယ်ရဲ့ ဘဝနှင့်တန်ဖိုး စာအုပ်ဖြင့် စာဖတ်ဝိုင်း ကျင်းပ

**မြို့သစ် ဇွန် ၂၇**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများ အသိပညာ ဗဟုသုတ ရရှိစေရန်၊ စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်နှင့် ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်စေရန် ရည်ရွယ်၍ စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre) ခန်းမ၌ ကျင်းပခဲ့သည်။



အဆိုပါ စာဖတ်ဝိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိစွန်က စာဖတ်ဝိုင်းများ ကျင်းပရခြင်း ရည်ရွယ်ချက်ကို ပြောကြား၍ မြို့နယ်စာအုပ်၊ စာစောင် ချစ်မြတ်နိုးသူအသင်း (Book Club) အဖွဲ့ဝင် ဆရာ ဦးတင်မောင်ဝင်းက စာရေးဆရာ အောင်သင်း၏ ‘လူငယ်ရဲ့ ဘဝနှင့် တန်ဖိုး’ စာအုပ်တွင် ပါရှိသည့် လူငယ်များ အချိန်ကိုတန်ဖိုးရှိစွာ အသုံးချတတ်စေရန်နှင့် လူငယ်ပညာပေး အကြောင်းအရာများကို ဆွေးနွေးပြောကြားရာ တက်ရောက်လာသည့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ (Grade-10) ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)**

**ဝင်းအိစွန်(ပြန်/ဆက်)**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## The Kerala Story မှာ ဖြစ်ရပ်မှန်ပညာပေး ဇာတ်ကားဖြစ်

ဘောလိဝုဒ်အနုပညာလောက မှ ၂၀၂၆ ခုနှစ်တွင် ထွက်ရှိထားသည့် The Kerala Story မှာ လူကုန်ကူးမှုနှင့် မှိုင်းတိုက်မှုများကြား ဘဝပျက်ခဲ့ရသည့် မိန်းကလေးများ၏ ဖြစ်ရပ်မှန်ကို ပညာပေးဇာတ်ကားအဖြစ် ဖန်တီးရိုက်ကူးထားကြောင်း ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဇာတ်ကားတွင် ဖြစ်ရပ်မှန်များကို စုစည်းပုံဖော်၍ ဟိန္ဒူမိန်းကလေးများ၏ ဘဝရဲ့ ခရီးလမ်းကို ရိုက်ကူးထားသည့် ပညာပေးဇာတ်ကား တစ်ကား ဖြစ်သည်။

ကီရာလာပြည်နယ်မှ ပျောက်ဆုံးသွားသည့် အမျိုးသမီးသုံး သောင်းကျော်၏ နောက်ကွယ်မှ တုန်လှုပ်ချောက်ချားဖွယ် အမှန်တရားကို ရိုက်ကူးထားရာ ကီရာလာပြည်နယ်မှ ငယ်ရွယ်သော ဘာသာမတူ မိန်းမပျိုလေးသုံးဦး အကြောင်းဖြစ်သည်။

သူတို့ဘဝ ငရဲခန်းရောက်ရှိသွားပုံကို ကွက်ကွက်ကွင်းကွင်း ရိုက်ကူးတင်ပြထားသည်။

(SKY)

*-*-*-*-*-*-*




## RM က ကိုရီးယားအနုပညာရှင်များ၏ လက်ရာများကို ခေတ်သစ်နှင့် ခေတ်ပြိုင်ကြား ပြသ

RM (ခေါ်)ကင်နမ်ဂျွမ်း က သူ ဝယ်ယူစုဆောင်းထားသည့် ကိုယ်ပိုင်စုဆောင်းမှုအနုပညာနှင့် ကိုရီးယားအနုပညာရှင်များ၏ လက်ရာများကို ခေတ်ပြိုင်အနုပညာပြတိုက်ကြီး Sf-moma တွင် အောက်တိုဘာလ၌ ခင်းကျင်းပြသရန် စီစဉ်ထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

RM ၏ ကိုယ်ပိုင်စုဆောင်းထားသည့် အနုပညာလက်ရာ ၁၅၀ ကျော်နှင့် Sfmoma ၏ အနုပညာလက်ရာတို့ ပေါင်းစပ်ကာ ပူးတွဲပြသမှုကို အမေရိကန်မှ လူကုံထံကြား ပထမဆုံးအကြိမ် မိတ်ဆက်ပြသမည် ဖြစ်သည်။



အဆိုပါ ပြပွဲပြုလုပ်ရခြင်း အပေါ် RM ၏ အမြင်အရ အရှေ့တိုင်းနှင့် အနောက်တိုင်း ခေတ်သစ်နှင့် ခေတ်ပြိုင်ကြား အကန့်အသတ်များကို ကျော်ဖြတ်၍ အပြန်အလှန် ကူးလူးဆက်နွယ်နေသည့် ပုံစံကို လူထုအတွက် ခိုင်မာသည့် ပေါင်းကူးတံတားတစ်စင်းဖြစ်လာစေရန် မျှော်လင့်ထားကာ ပြပွဲပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

(SKY)

## BTS က Forbes Korea မဂ္ဂဇင်း၏ ဩဇာအရှိဆုံး အနုပညာရှင်ဖြစ်ခဲ့

နှစ်စဉ်ထုတ်ပြန်သည့် Forbes Korea မဂ္ဂဇင်းတွင် ကိုရီးယားနိုင်ငံ၏ ဩဇာအရှိဆုံး ထင်ရှားကျော်ကြားသူ ၄၀ ဦး စာရင်းတွင် ကေပေါ့ပ်အဖွဲ့ BTS က ပထမနေရာ သိမ်းပိုက်ခဲ့ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ စာရင်းတွင် ပထမနေရာ၌ BTS အဖွဲ့၊ ဒုတိယနေရာ၌ ပရိသတ်ရှေ့တစ်ကျော့ပြန် ရောက်ရှိလာသည့် ဘစ်ဘန်းအဖွဲ့ဝင် ဂျီဒရယ်ဂွန်၊ တတိယနေရာ၌ ကမ္ဘာကျော် ဘလက်ပင့်ခ်အဖွဲ့တို့ စာရင်းဝင်ခဲ့ကြသည်။

ဘောလုံးစတား ဆွန်ဟောင်မင်က စတုတ္ထ၊ ထရော့ကျေးလက်အဆိုတော် လင်ယောင်က ပဉ္စမနေရာနှင့် မင်းသား ပတ်ဘိုဂန်းက အဆင့် ၁၄ နေရာ အသီးသီး ရရှိခဲ့ကြကာ ပရိသတ်ကြား ဩဇာအရှိဆုံးထင်ရှားကျော်ကြားသူ ၄၀ ဦး စာရင်းတွင် ပါဝင်ခဲ့ကြသည်။ BTS အဖွဲ့မှာ ကမ္ဘာလှည့် ဖျော်ဖြေပွဲများ ကျင်းပနေသည်။

(SKY)



## သမိုင်းတစ်လျှောက် အကြီးဆုံးကင်းမြီးကောက်မျိုးစိတ်သစ်ကို သုတေသီများ မကြာသေးမီက အတည်ပြု

ဧရာမ ကင်းမြီးကောက်ကြီးတစ်မျိုးဖြစ်သည့် ပရေအာတူရပ်စ်ဂီဂတ်စ်သည် ကမ္ဘာ့သမိုင်းတစ်လျှောက် ရှာဖွေတွေ့ရှိသမျှတွင် အကြီးမားဆုံး ကင်းမြီးကောက်မျိုးစိတ်ဖြစ်ကြောင်း သုတေသီများ မကြာသေးမီက အတည်ပြုလိုက်ကြသည်။

လွန်ခဲ့သော နှစ်ပေါင်း ၄၁၅ သန်းခန့်က လက်ရှိ အင်္ဂလန်နှင့် ဝေလပြည်နယ်တို့ တည်ရှိရာဒေသတွင် ကျက်စားခဲ့သော အဆိုပါ ကင်းမြီးကောက်ကြီးများသည် အလျား တစ်မီတာ (၃.၃ ပေ) ခန့်အထိ ကြီးထွားနိုင်ပြီး ၁၆ စင်တီမီတာ (၆.၃ လက်မ) ကျော်ရှည်လျားသည့် လက်သည်းညှပ်ကဲ့သို့သော လက်မကြီးများ ရှိကြသည်။

ထူးခြားသည်မှာ ယခုရှာဖွေတွေ့ရှိမှု၏ အခြေခံဖြစ်သော ကျောက်ဖြစ်ရုပ်ကြွင်းများသည် ခေတ်မီနည်းပညာများဖြင့် ၎င်းတို့၏ မူလလက္ခဏာအစစ်ကို မဖော်ထုတ်နိုင်မီအချိန်အထိ ပြတိုက်၏ စုဆောင်းမှုများထဲတွင် နှစ်ပေါင်း ၁၅၀ ကျော်တိုင်တိုင် တိတ်တဆိတ်ရှိနေခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(SCI )



## Yoo Hae Jin ဇာတ်ကောင်အလိုက် အသက်ဝင်စေသူ

ကိုရီးယားရုပ်ရှင်လောကတွင် ယူဟေဂျင်းကို ဇာတ်ကောင်အလိုက် အသက်ဝင်စေသူဟု ခေါ်ဆို၍ ထူးခြားသော အနုပညာရှင်အဖြစ် သတ်မှတ်ထားကြကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

၁၉၇၀ ပြည့်နှစ် ဇန်နဝါရီလေးရက်ဖွား ယူဟေဂျင်းမှာ သရုပ်ဆောင်ဘဝကို ဇာတ်ရုပ်အသေးစားများနှင့် စတင်ခဲ့ပြီး ရုပ်ရည်မလှပသော်လည်း သူ၏ သရုပ်ဆောင်နိုင်စွမ်း၊ မျက်နှာသွင်ပြင်အသုံးချတတ်မှု၊ နက်နဲသည့် ခံစားချက်ဖော်ပြနိုင်မှုများကြောင့် ပရိသတ်ကြား ရေပန်းစားခဲ့သည်။

ထူးခြားချက်မှာ ဟာသဇာတ်ရုပ်များကို သဘာဝကျကျ လှုပ်ရှားနိုင်ရုံသာမက ဒရမ်မာဇာတ်ရုပ်တွင် ခံစားချက်ကို နက်ရှိုင်းစေကာ သရုပ်ဆောင်ခဲ့သည့် ဇာတ်ကားများစွာရှိခဲ့သည်။

လက်ရှိ ထွက်ရှိထားသည့် The King's Warden တွင် ဇာတ်ပို့ဖြစ်သော်လည်း အဓိကသရုပ်ဆောင်ထက် ပိုမိုကောင်းမွန်အောင် ဖန်တီးနိုင်သည့် အရည်အချင်းရှိသူဖြစ်၍ ဇာတ်ကောင်အလိုက် အသက်ဝင်စေသူဟု အနုပညာလောကက သတ်မှတ်ခံထားရသူဖြစ်သည်။

(SKY)






## Sammy's Children Day Concert Tour ကျင်းပမည်

ဟောင်ကောင်အခြေစိုက် Kong Mac Person အားကစားရုံးတွင် Sammy's Children Day Concert Tour ကျင်းပမည့် သတင်း တရားဝင်ထွက်ရှိလာကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါပွဲကို၂၆- ၇-၂၀၂၆ ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး အထူးတန်းခုံ ငါးရာ၊ ရိုးရိုးတန်းခုံ ရှစ်ရာနှင့် ထိုင်ခုံပေါင်း တစ်ထောင့်သုံးရာ စီစဉ်ထားပြီး အဓိကဘီအယ်လ် မင်းသားနှစ်ဦးဖြစ်သည့် ဟီချန်ရှီနှင့် ဟီရန်ကျောင်းတို့ ပါဝင်မည်ဖြစ်၍ ပရိသတ်သည်းသည်းလှုပ် အားပေးထားကြသည်။

ကွမ်တုံသား ဟီရန်ကျောင်းသည် ညှို့အားပြင်းသော မျက်ဝန်းရှင်ဖြစ်ပြီး Sammy's Children Day တွင် အနုပညာစွမ်းရည်ပြသထားရာ ပရိသတ်အားပေးမှု တစ်ခဲနက် ရရှိထားပြီး အဆိုတော်၊ သရုပ်ဆောင် ဟီချန်ရှီမှာလည်း ထူးခြားသော ခံစားချက်ကို ပေးနိုင်ခဲ့၍ လိုက်ဖက်ညီသော အတွဲဖြစ်ခဲ့သည်။

(၇၉)ကြိမ်မြောက် ကိန်းစ်ရုပ်ရှင်ပွဲတော်သို့ ပထမဆုံးအကြိမ်အတူတွဲ၍ Tree For Ambition သံတမန်အဖြစ် တက်ရောက်ခဲ့ကြရာ နိုင်ငံတကာကျော်ကြားမှုရရှိခဲ့ပြီးနောက် မကြာမီ ဂီတပွဲ အတူနွဲကြမည် ဖြစ်သည်။

(SKY)

*-*-*-*-*-*-*

## Xiao Zhan ကို A Small Town Remedy ရိုက်ကွင်းအဖွဲ့က နွေးထွေးသော နှလုံးသားပိုင်ရှင်ဟု ဆို

တရုတ်အနုပညာရှင် ရှောင်ကျန့်ကို A Small Town Remedy ရိုက်ကွင်းအဖွဲ့က ဇာတ်ပို့တစ်ဦး၏ ပြောကြားချက်အရ "နွေးထွေးသော နှလုံးသားပိုင်ရှင်ဖြစ်သည်"ဟူသော ဇာတ်လမ်းအကြောင်းပြောပြခဲ့ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရိုက်ကွင်းတွင် ဇာတ်ပို့တစ်ဦးဖြစ်သူက ရှောင်ကျန့် နှင့် အကွာအဝေးနီး၍ အပေါ်ခြုံအင်္ကျီနှင့် ထိမိခဲ့ရာမှ အနီးကပ်မြင်တွေ့ခဲ့ရပြီး သန့်ရှင်းလန်းဆန်းသည့် ရနံ့ရခဲ့ကြောင်း ရိုက်ကူးရေးတစ်ဖွဲ့လုံးအတွက် Fresh Taro Dessert ဝယ်ကျွေးခဲ့ပြီး အပိုဝယ်ပေးခဲ့၍ နွေးထွေးပြီး ကြည်နူးစရာအခိုက်အတန့်လေး ဖြစ်ခဲ့ကြောင်း ပြောကြားခဲ့သည်။

ရှောင်ကျန့်သည် ထိပ်တန်းစူပါစတားတစ်ယောက်ဖြစ်ခဲ့သည်ရုံသာမက အလုပ်အပေါ် လေးစားပြီး လုပ်ဖော်ကိုင်ဖက်များ အပေါ် သဘောထားကြီးကာ ပရောဖက်ရှင်နယ် စွမ်းရည်ပြည့်ဝ၍ လူတိုင်းအပေါ် နွေးထွေး၊ ကြင်နာ၊ သနား လေးစားတတ်သည့် နူးညံ့သောနှလုံးသားပိုင်ရှင်ဖြစ်ကာ အလှူအတန်းများလည်း တိတ်တဆိတ် လှူဒါန်းတတ်သူဖြစ်သည်။

(SKY)

## လန်ဒန်မြို့တော်ရှိ ဟီးသရိုးနှင့် ဂက်ဝစ်လေဆိပ်တို့တွင် လေကြောင်းခရီးစဉ် ရာပေါင်းများစွာ ကြန့်ကြာလျက်ရှိ




**လန်ဒန် ဇွန် ၂၈**

လေကြောင်းခရီးစဉ်များ ပြတ်တောက်မှု ဆက်လက်ဖြစ်ပွားနိုင်သည်ဟု ဗြိတိန်နိုင်ငံ၏ လေကြောင်းထိန်းသိမ်းရေးဝန်ဆောင်မှုလုပ်ငန်းက သတိပေးထားစဉ် လန်ဒန်မြို့တော်ရှိ ဟီးသရိုးနှင့် ဂက်ဝစ်လေဆိပ်တို့တွင် လေကြောင်းခရီးစဉ် ရာပေါင်းများစွာ ကြန့်ကြာလျက်ရှိကြောင်း သိရသည်။

လေကြောင်းခရီးစဉ် စောင့်ကြည့်ရေးအဖွဲ့၏ ဖော်ပြချက်အရ ထိုလေကြောင်းဗဟိုချက်နှစ်ခုလုံးတွင် ဆိုက်ရောက်နှင့် ထွက်ခွာမည့် လေကြောင်းခရီးစဉ်ပေါင်း ၉၀၀ ကျော် ၁၁ နာရီအထိ ကြန့်ကြာမှုများရှိခဲ့ပြီး ခရီးစဉ်အများအပြားကိုလည်း ဖျက်သိမ်းခဲ့ရသည်။

ဆိုးရွားသော ရာသီဥတုအခြေအနေများကြောင့် လေယာဉ်များသည် ဘေးအန္တရာယ်ရှိသော ဧရိယာများကို ရှောင်ကွင်းပျံသန်းရန်နှင့် တစ်စင်းနှင့်တစ်စင်းခွာ၍ ပျံသန်းရန် လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

Mon



## တရုတ်နှင့် ဥရောပသမဂ္ဂအကြား စီးပွားရေးဆက်ဆံရေး မျှခြေပြန်ညှိကာ ဆုံးဖြတ်ပေးရမည့် အဆင့်သို့ ရောက်ရှိနေ

**ပေကျင်း ဇွန် ၂၈**

တရုတ်နှင့် ဥရောပသမဂ္ဂ (အီးယူ)အကြား စီးပွားရေးဆက်ဆံရေးသည် မျှခြေပြန်ညှိကာ အဆုံးအဖြတ်ပေးရမည့် အဆင့်တစ်ခုသို့ ရောက်ရှိနေကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

တရုတ်နိုင်ငံ၏ အဆင့်မြင့်နည်းပညာသုံး ကုန်ပစ္စည်းတင်ပို့မှုလှိုင်းသစ်ကြောင့် ဥရောပတွင် စက်မှုလုပ်ငန်းများ ဆုတ်ယုတ်လာမည်ကို စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်စေခဲ့ပြီး ဥရောပကော်မရှင်ကလည်း ပြင်းထန်သော စက်မှုကဏ္ဍဆိုင်ရာ ကာကွယ်ရေးတံတိုင်းဖြင့် တုံ့ပြန်ခဲ့သည်။

ကမ္ဘာ့ဒုတိယနှင့် တတိယအကြီးဆုံး စီးပွားရေးနိုင်ငံများဖြစ်ကြသည့် တရုတ်နှင့် ဥရောပသမဂ္ဂတို့သည် ကမ္ဘာလုံးဆိုင်ရာ အမည်ခံဂျီဒီပီ၏ သုံးပုံတစ်ပုံခန့်နှင့် ကမ္ဘာ့ကုန်သွယ်မှု၏ ၃၀ ရာခိုင်နှုန်းကို စုစုပေါင်းပိုင်ဆိုင်ထားကြသည်။

၂၀၂၅ ခုနှစ်က ဥရောပသမဂ္ဂသည် တရုတ်နိုင်ငံနှင့် ဝန်ဆောင်မှုကုန်သွယ်မှု၌ ယူရို ၂၁ ဒသမ ၃ ဘီလီယံအသားတင် အမြတ်ငွေ မှတ်တမ်းတင်နိုင်ခဲ့ကြောင်း သိရသည်။

Mon

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ဥရောပသမဂ္ဂ၏ အရပ်ဘက်ကာကွယ်ရေး ယန္တရားမှတစ်ဆင့် ငလျင်ကယ်ဆယ်ရေးသမား ၅၂၀ ဦးကို ဗင်နီဇွဲလားသို့ စေလွှတ်

**ကရာကတ်စ် ဇွန် ၂၈**

ဗင်နီဇွဲလားနိုင်ငံတွင် ယခင်အပတ်က ငလျင်နှစ်ကြိမ် လှုပ်ခဲ့ပြီးနောက် အနည်းဆုံး လူပေါင်း ၁၄၃၀ ဦး သေဆုံးကာ ၅၀၀၀၀ ကျော် ပျောက်ဆုံးနေကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ငလျင်ဘေးသင့်ဒေသသို့ ချက်သမ္မတနိုင်ငံ၊ စပိန်၊ အီတလီ၊ ပြင်သစ်၊ လူဇင်ဘတ်၊ ဂျာမနီ၊ ပေါ်တူဂီနှင့် နယ်သာလန်တို့အပါအဝင် ဥရောပသမဂ္ဂအဖွဲ့ဝင် ၈ နိုင်ငံမှ ကယ်ဆယ်ရေးသမား ၅၂၀ ဦးကို ဥရောပသမဂ္ဂ၏ အရပ်ဘက်ကာကွယ်ရေး ယန္တရားမှတစ်ဆင့် စေလွှတ်ထားသည်။

ဥရောပသမဂ္ဂသည် ကမ္ဘာတစ်ဝှမ်းရှိ သဘာဝဘေးအန္တရာယ်များနှင့် လူသားတို့ကြောင့်ဖြစ်ပွားသော ဘေးအန္တရာယ်များတွင် အချက်အလက်များကို အခမဲ့ပံ့ပိုးပေးသည့် ၄င်းတို့၏ ကိုပါးနီးကပ်စ် ဂြိုဟ်တုဝန်ဆောင်မှုကို အရေးပေါ် မြေပုံရေးဆွဲခြင်းစနစ်သို့ ပြောင်းလဲကာ စတင်အသုံးပြုခဲ့ကြောင်း သိရသည်။

Mon

## ဥရောပတိုက်တစ်ဝန်း အပူချိန်စံချိန်သစ်များ ထပ်မံတင် အလွန်ပူပြင်းသော ရာသီဥတု နောက်တစ်ရက် ရင်ဆိုင်ခဲ့ရ



**ဘာလင် ဇွန် ၂၈**

ဥရောပတိုက်တစ်ဝန်းတွင် ယမန်နေ့က အပူချိန်စံချိန်သစ်များ ထပ်မံတင်ခဲ့ပြီး အလွန်အမင်းပူပြင်းသော ရာသီဥတုကို နောက်ထပ်တစ်ရက် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

ဂျာမနီနိုင်ငံတွင် ယာယီအချက်အလက်များအရ အပူချိန်သည် ၄၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်သို့ ရောက်ရှိခဲ့ပြီး ဒုတိယမြောက်နေ့အဖြစ် သမိုင်းတစ်လျှောက် အမြင့်ဆုံးအပူချိန်စံချိန်သစ်ကို ထပ်မံတင်ခဲ့သည်။

ထိုနေ့တွင် မကြုံစဖူး စောစီးစွာကျရောက်သော နွေဦးရာသီအပူလှိုင်းသည် မြောက်ဘက်နှင့် အရှေ့ဘက်သို့ ဆက်လက်ရွေ့လျားသွားခဲ့ရာ လူဦးရေ ပိုမိုများပြားစွာကို သက်ရောက်မှုရှိခဲ့ပြီး ဒိန်းမတ်နိုင်ငံနှင့် ချက်သမ္မတနိုင်ငံတို့တွင်လည်း အလားတူ အပူချိန်စံချိန်များ မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။ Mon

## ဘူတန်မြို့ပြဖွံ့ဖြိုးရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ်က ကန်ဒေါ်လာ ၁၃ သန်း ထောက်ပံ့မည်

**မနီလာ ဇွန် ၂၈**

အာရှဖွံ့ဖြိုးရေးဘဏ်(ADB)သည် ဘူတန်နိုင်ငံ၏ မြို့ပြအခြေခံအဆောက်အအုံများ တိုးတက်စေရန်နှင့် ဝင်ငွေနည်းမိသားစုများအတွက် တန်ဖိုးသက်သာသည့် အငှားအိမ်ရာများ တည်ဆောက်နိုင်ရေးအတွက် အမေရိကန်ဒေါ်လာ ၁၃ သန်းတန် ဘဏ္ဍာရေးအကူအညီအစီအစဉ်ကို အတည်ပြုခဲ့ကြောင်း သိရသည်။

အဆိုပါအစီအစဉ်တွင် အမေရိကန်ဒေါ်လာ ငါးသန်းကို သက်သာသောအတိုးနှုန်းချေးငွေအဖြစ်နှင့် အမေရိကန်ဒေါ်လာ ရှစ်သန်းကို ထောက်ပံ့ငွေအဖြစ် ထည့်သွင်းထားကြောင်း ဘဏ်၏ ဇွန် ၂၇ ရက် ထုတ်ပြန်ချက်အရ သိရသည်။

စီမံကိန်းအရ အားနည်းသော အိမ်ထောင်စုများအတွက် အငှားအိမ်ရာများ ပံ့ပိုးပေးနိုင်ရေးနှင့် ရေမြောင်းစနစ်၊ ရေပေးဝေရေးစနစ်နှင့် လမ်းများကဲ့သို့ မြို့ပြအခြေခံ အဆောက်အအုံများ တိုးတက်စေရေးကို ရည်ရွယ်ထားကြောင်း ADB က ပြောကြားသည်။

ဆင်ဟွာ

## ကျောက်စက်ပန်းဆွဲများစွာ ပါဝင်သော ဂူအသစ်တစ်ဂူကို ဗီယက်နမ်နိုင်ငံအလယ်ပိုင်း ကွမ်ချီပြည်နယ်၌ ရှာဖွေတွေ့ရှိ

**ဟနွိုင်း ဇွန် ၂၈**

ဗီယက်နမ်နိုင်ငံအလယ်ပိုင်း ကွမ်ချီပြည်နယ်ရှိ ဖုန်ညား-ကီဘန်း အမျိုးသားဥယျာဉ်အတွင်း အလျား ၃ ကီလိုမီတာခန့် ရှည်လျားပြီး ကျောက်စက်ပန်းဆွဲစနစ်တစ်ခုနှင့် ပုံမှန်မဟုတ်ဘဲ အမြောက်အမြား စုစည်းပါဝင်သော ဂူအသစ်တစ်ဂူကို မကြာသေးမီကရှာဖွေတွေ့ရှိခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

တည်နေရာကို ပထမဆုံး စတင်ဖော်ထုတ်ခဲ့သည့် ဒေသခံတစ်ဦးကိုအစွဲပြု၍ ထိုဂူကို သန်းဟု အမည်မှည့်ခေါ်ခဲ့ခြင်းဖြစ်သည်။

ဇွန်လ ၃ ရက်တွင် အဆိုပါနေရာနှင့် ပတ်သက်သည့် အချက်အလက်များကို လက်ခံရရှိပြီးနောက် ဂျန်ဂဲလ်ဘော့စ်ကုမ္ပဏီသည် ဖုန်ညား-ကီဘန်း အမျိုးသားဥယျာဉ် စီမံခန့်ခွဲရေးဘုတ်အဖွဲ့နှင့် ပူးပေါင်းကာ ခြောက်ရက်ကြာ ကွင်းဆင်းစစ်ဆေးခဲ့သည်။

အမျိုးသားဥယျာဉ်၏ တင်းကျပ်စွာ ကာကွယ်စောင့်ရှောက်ထားသော ဇုန်အတွင်းရှိ မာဒါလှိုမြောင်နှင့် မာဒါရေကန်တို့အကြားတွင် တည်ရှိသည့် အဆိုပါဂူသည် အလျား မီတာ ၃၀၀၀ ခန့်နှင့် ပျမ်းမျှအကျယ် မီတာ ၇၀ ခန့်ရှိပြီး မီတာ ၁၀၀ ထက် ပိုမိုကျယ်ဝန်းသော ဂူခန်းမဆောင်အများအပြားလည်း ပါဝင်ကြောင်း သိရသည်။

Mon



## တစ်အိမ်တက်ဆင်းမီးသုံးစွဲမှုစစ်ဆေး

**မန္တလေး ဇွန် ၂၈**

ရပ်ကွက်အတွင်း မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး၏ညွှန်ကြားချက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးညီထွေးဦး၏ အနီးကပ်ကြီးကြပ်မှုဖြင့် တစ်အိမ်တက်ဆင်းမီးသုံးစွဲမှု စစ်ဆေးခြင်းကို ယမန်နေ့နံနက် ၈ နာရီက ချမ်းအေးသာစံမြို့နယ် သီရိဟေမာအနောက်ရပ်ကွက်တွင် ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးချမ်းသာဦးစီးသော ရာအိမ်မှူးများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ တပ်ကြပ်ကြီး ငြိမ်းလင်းဦးနှင့်တပ်ဖွဲ့ဝင်များ၊ သီရိဟေမာအနောက်ရပ်ကွက် အရန်မီးသတ်စခန်းတာဝန်ခံ ဒုတိယတပ်ခွဲမှူး ဦးသိန်းဦးနှင့် တပ်ဖွဲ့ဝင်များက ၂၈လမ်းနှင့် ၂၉လမ်းကြား၊ ၉၁လမ်းနှင့် အရှေ့သင်္ဂဇာပတ်လမ်း အကွက်(၂၃၁)အတွင်း မီးဖိုမီးများ၊ လျှပ်စစ်မီးသုံးစွဲမှုများ စနစ်တကျ သုံးစွဲမှု ရှိ၊ မရှိစစ်ဆေးခြင်း၊ လျှပ်စစ်ဝါယာကြိုးများ ကောင်းမွန်မှု ရှိ၊ မရှိစစ်ဆေးခြင်း၊ စားသောက်ကုန်လုပ်ငန်းလုပ်ကိုင်သူများ၊ စားသောက်ဆိုင်များတွင် မီးသတ်ဆေးဘူးထားရှိမှု ရှိ၊ မရှိနှင့် ကောင်းမွန်မှု ရှိ၊ မရှိတို့ကို စစ်ဆေးကြပြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရန်၊ ရှောင်ရန် အချက်များကို ဟောပြောခြင်း၊ လက်ကမ်းစာစောင်ဝေငှခြင်း မီးသတ်ယာဉ်ဝင်ထွက်သွားလာနိုင်မှု ရှိ၊ မရှိများကို စစ်ဆေးဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ မီးစစ်ဆေးခြင်းကို သီရိဟေမာအနောက်ရပ်ကွက်၊ အကွက် ၂၃၁ အတွင်း အိမ်ခြေ ၉၃ အိမ်ထောင်စု ၁၂၅ စုတို့ကို စစ်ဆေးခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(ဝ၄၁)**



## မကွေးမြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**မကွေး ဇွန် ၂၈**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့အတွင်း သွားလာနေကြသည့် မိဘပြည်သူများနှင့် ယာဉ်မောင်းသူများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းဝေးစေရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို စနစ်တကျ လိုက်နာကြစေရန် ရည်ရွယ်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးခြင်းနှင့် စစ်ဆေးခြင်းလုပ်ငန်းများကို ယမန်နေ့က မကွေးမြို့၊ ဗိုလ်ချုပ်လမ်း၊ လမ်းငါးသွယ်အဝိုင်း၊ ရောဝတီတံတားအဝိုင်း၊ မြို့ဝင်မုခ်ဦးနှင့် မြို့တော်ခန်းမရှေ့တို့တွင် ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် အမှတ်(၁၅)ယာဉ်ထိန်းရဲတပ်ဖွဲ့စု (မကွေးခရိုင်)မှ ခေတ္တတပ်ဖွဲ့စုမှူး ရဲအုပ်ထွန်းထွန်းဝင်း ဦးစီးသော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက Quick Win အစီအမံ ငါးရပ်အား ယာဉ်မောင်းသူများ သိရှိလိုက်နာရန် အသိပညာပေးခြင်းနှင့် ဆိုင်ကယ်စီးလျှင် ဆိုင်ကယ်စီးဦးထုပ်ကို စနစ်တကျဆောင်းရန်၊ မော်တော်ယာဉ်မောင်းနှင်ရာတွင် အန္တရာယ်ကင်းလုံခြုံရေးခါးပတ်ကြိုး(Seat Belt)ကို စနစ်တကျပတ်ရန်၊ မော်တော်ယာဉ်မောင်းနှင်နေစဉ် လက်ကိုင်ဖုန်း အသုံးပြုခြင်းမပြုရန်၊ လမ်းညွှန်အမှတ်အသားများနှင့် အချက်ပြမီးများကို တိကျစွာ လိုက်နာမောင်းနှင်ကြရန် အသိပညာပေး ဆောင်ရွက်ခဲ့သည်။

ထို့နောက် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်မောင်းနှင်သူများအား ယာဉ်အန္တရာယ်ကင်းရှင်းစေရေးနှင့် ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းစေရေးအတွက် အသိပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**မောင်နိုင်မင်း(ပြန်/ဆက်)**



## ယာဉ်အားကျော်တက်စဉ် တစ်ဖက်ယာဉ်ကြောရှိ ၂၂ ဘီးတွဲယာဉ်နှင့် တိုက်မိ၍ အမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာ ရရှိ

**တောင်ငူ ဇွန် ၂၈**

၂၀၂၆ ခုနှစ်၊ ဇွန် ၂၄ ရက်က ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၌ ယာဉ်အားကျော်တက်စဉ် တစ်ဖက်ယာဉ်ကြောရှိ ၂၂ ဘီးတွဲယာဉ်နှင့် တိုက်မိ၍ အမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ ဇွန် ၂၄ ရက် ညနေ ၄ နာရီ ၅၀ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ ရန်ကုန်-မန္တလေးကားလမ်း၊ မြစိမ့်မွှာန်စာသင်တိုက်ဘုန်းကြီးကျောင်းရှေ့၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၁၂)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ရေတာရှည်မြို့နယ်နေ ဦးအေးလွင်(၅၈)နှစ်ဆိုသူ မောင်းနှင်လာသည့် ISUZU ခြောက်ဘီးယာဉ်သည် အခင်းဖြစ်နေရာအရောက် ရှေ့ယာဉ်အား ကျော်တက်မောင်းနှင်စဉ် တစ်ဖက်ယာဉ်ကြောရှိ မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်နေ ကိုသက်နောင်စိုး(၂၆)နှစ်ဆိုသူ မောင်းနှင်လာသည့် ၂၂ ဘီးတွဲယာဉ်အား အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့သဖြင့် ဦးအေးလွင်ဆိုသူတွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့သောကြောင့် ယာဉ်အား မဆင်မခြင်မောင်းနှင်သူအား တောင်ငူမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

*-*-*-*-*

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## လိုင်စင်မဲ့မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ ဖမ်းဆီးရမိ

**လယ်ဝေး ဇွန် ၂၈**

၂၀၂၆ ခုနှစ် ဇွန် ၂၅ ရက်က ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ မြို့နယ်အချို့၌ လိုင်စင်မဲ့မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ဇွန် ၂၅ ရက် မွန်းလွဲ ၁ နာရီ ၅ မိနစ်တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ တောင်စဉ်အေးပူးပေါင်းစစ်ဆေးရေးဂိတ်၌ အမှတ်(၇)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်နေ ဦးကျော်စွာထက်(၄၆)နှစ်ဆိုသူ မောင်းနှင်လာသည့် HONDA FIT ယာဉ်အားရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါ မော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် ကျော်စွာထက်အား သာဝတ္တိနယ်မြေရဲစခန်းမှ ပို့ကုန်၊ သွင်းကုန် ဥပဒေပုဒ်မ ၈ ဖြင့်လည်းကောင်း။

အလားတူ မွန်းတည့် ၁၂ နာရီတွင် ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ကျောက်တိုင်အဝိုင်း၌ အမှတ်(၁၂၀)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက ယာဉ်စစ်ဆေးခြင်းများဆောင်ရွက်နေစဉ် ကျိုင်းတုံမြို့၊ လွယ်မွေလမ်းမှ ကျိုင်းတုံ-တာချီလိတ်ကားလမ်းမပေါ်သို့ တစ်လမ်းမောင်းလမ်းအား လမ်းပြောင်းပြန်မောင်းနှင်လာသည့် မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်နေ မစူးယမုံကို(၂၈)နှစ်ဆိုသူ မောင်းနှင်လာသော TOYOTA WISH ယာဉ်အားဖမ်းဆီးစစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် စူးယမုံကိုအား ကျိုင်းတုံမြို့မရဲစခန်းမှ ပို့ကုန်၊ သွင်းကုန် ဥပဒေပုဒ်မ ၈ ဖြင့်လည်းကောင်း။

ထို့အတူ နံနက် ၉ နာရီတွင် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ အင်းတကော်မြို့၊ အမှတ်(၆)ရပ်ကွက်၊ ဝမ်းဘော်ဒက်စစ်ဆေးရေးဂိတ်၌ အင်းတကော်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ရန်ကုန်မှ ပဲခူးဘက်သို့ အဆိုပါရပ်ကွက်နေ ကိုတင်မိုးဝင်း(၂၆)နှစ်ဆိုသူ မောင်းနှင်လာသော FEILING 125 ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးခဲ့ရာ ဆိုင်ကယ်နှင့် ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ဆိုင်ကယ်ဖြစ်ကြောင်းသိရှိရသဖြင့် တင်မိုးဝင်းအား အင်းတကော်နယ်မြေရဲစခန်းမှ ပို့ကုန်၊ သွင်းကုန်ဥပဒေပုဒ်မ ၈ ဖြင့်လည်းကောင်း။

ထို့အတူ ညနေ ၅ နာရီ ၄၅ မိနစ်တွင် တောင်ငူမြို့နယ်၊ မြင်းစာခွက်ကျေးရွာအနီး ရန်ကုန်-မန္တလေးအမြန်လမ်းနှင့် တောင်ငူမြို့သို့ ဆက်သွယ်ထားသည့် ထီးလှိုင်ကွန်ကရစ်လမ်းပေါ်ရှိ ၁၄၆ မိုင် စစ်ဆေးရေးဂိတ်၌ တောင်ငူမြို့၊ အမှတ်(၂)နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် တောင်ငူမြို့အတွင်းမှ ရန်ကုန်-မန္တလေးအမြန် လမ်းဘက်သို့ အုတ်တွင်းမြို့နယ်နေ ဦးခင်မောင်ဝင်း(၄၇)နှစ်ဆိုသူ မောင်းနှင်လာသည့် YUNDE 125 ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးခဲ့ရာ ဆိုင်ကယ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ဆိုင်ကယ်ဖြစ်ကြောင်းသိရှိရသဖြင့် ခင်မောင်ဝင်းအား တောင်ငူမြို့နယ်၊ အမှတ်(၂)နယ်မြေရဲစခန်းမှ ပို့ကုန်၊ သွင်းကုန်ဥပဒေပုဒ်မ ၈ ဖြင့်လည်းကောင်း အသီးသီးအမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းဖွဲ့)**

## မော်တော်ယာဉ် အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းရှိ သစ်ပင်နှင့် ဓာတ်တိုင်တို့အား ဝင်ရောက်တိုက်မိ၍ အမျိုးသားတစ်ဦး သေဆုံးပြီး နှစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဇွန် ၂၈**

၂၀၂၆ ခုနှစ်၊ ဇွန် ၂၅ ရက်က ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၌ မော်တော်ယာဉ်မှ အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းရှိ သစ်ပင်နှင့်ဓာတ်တိုင်တို့အား ဝင်ရောက်တိုက်မိ၍ အမျိုးသား တစ်ဦး သေဆုံးပြီး နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ ဇွန် ၂၅ ရက် ည ၉ နာရီ ၄၅ မိနစ်တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ သံလွင်လမ်း၊ ရွာတော်မီးပွိုင့်အနီး၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်းသတင်းအရ ပဗ္ဗာနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ သံလွင်လမ်းအတိုင်း နေပြည်တော်တူတာကြီးမှ ပန်းခင်းမီးပွိုင့်ဘက်သို့ ပျဉ်းမနားမြို့နယ်၊ တပ်ပိုးကျေးရွာနေ ကိုအောင်မျိုးထွန်း(၂၄)နှစ်ဆိုသူ မောင်းနှင်ပြီး တစ်ရွာတည်းနေ မောင်ထက်မြတ်လင်း(၁၈)နှစ်ဆိုသူနှင့် အောင်သပြေကျေးရွာနေ ကိုအေးမင်းစံ(၂၉)နှစ်ဆိုသူတို့ လိုက်ပါလာသော CANTER ယာဉ်သည် အခင်းဖြစ်နေရာအရောက် အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းအုတ်ရိုးပေါ်သို့ ကျော်တက်ကာ သစ်ပင်နှင့် ဓာတ်တိုင်တို့အား ဝင်ရောက်တိုက်မိ၍ ကိုအောင်မျိုးထွန်းဆိုသူတွင် ထိခိုက်ဒဏ်ရာများရရှိကာ သေဆုံးခဲ့ပြီး မောင်ထက်မြတ်လင်းဆိုသူနှင့် ကိုအေးမင်းစံဆိုသူတို့တွင် ထိခိုက်ဒဏ်ရာများ အသီးသီးရရှိခဲ့သောကြောင့် အောင်မျိုးထွန်းဆိုသူအား ပဗ္ဗာနယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

*-*-*-*-*

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများ ထုတ်ပြန်ကြေညာ၊ မန္တလေးတိုင်းဒေသကြီးတွင် ဖြေဆိုအောင်မြင်သူ ၂၈၃၉၃ ဦးရှိပြီး အောင်မြင်မှုရာခိုင်နှုန်း ၆၂ ဒသမ ၂၂ ရာခိုင်နှုန်းရှိ



ဒေါက်တာ သန်းထိုက်စိုး



မသီရိစိုး



မောင်စည်သူဗိုလ်



မအိကေဇင်



မမေဇင်ဖုန်းမြတ်



မဆောင်းနှင်းဖြူ



မအိမ့်မှူးခင်

**မန္တလေး ဇွန် ၂၈**

၂၀၂၆ ခုနှစ် မတ်လတွင် ကျင်းပခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ယနေ့တွင် တစ်ပြည်လုံးအတွက် ထုတ်ပြန်ကြေညာခဲ့ရာ မန္တလေးတိုင်းဒေသကြီးအတွင်း ဖြေဆိုသူ ၄၅၆၃၅ ဦးရှိသည့်အနက် အောင်မြင်သူ ၂၈၃၉၃ ဦးရှိပြီး အောင်မြင်မှုရာခိုင်နှုန်း ၆၂ ဒသမ ၂၂ ရာခိုင်နှုန်း ရှိခဲ့သည်။

နံနက် ၆ နာရီမှစတင်၍ မန္တလေးမြို့ရှိ စာစစ်ဌာနဖွင့်လှစ်သော ကျောင်းများ၌ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ထုတ်ပြန်ကြေညာပေးခဲ့ရာ ကျောင်းသား၊ ကျောင်းသူများ စိတ်အားထက်သန်စွာ လာရောက်ကြည့်ရှုကြပြီး တာဝန်ကျဆရာ၊ ဆရာမများက စနစ်တကျ ကြည့်ရှုနိုင်စေရေးကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြသည်။

အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းအုပ်ဆရာကြီး ဒေါက်တာ သန်းထိုက်စိုးက "ဒီနေ့ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းတွေ ထွက်တာပါ။ အရမ်းကို ဂုဏ်ယူရပါတယ်။ ကျွန်တော်တို့ ကျောင်းက မနှစ်ကထက်စာရင် ဒီနှစ်မှာ အောင်ချက်ကလည်း ငါးရာခိုင်နှုန်းလောက် တက်လာပါတယ်။ မနှစ်က 5D (ငါးဘာသာဂုဏ်ထူးရှင်) တစ်ယောက်ပဲထွက်တယ်၊ ဒီနှစ်မှာတော့ လေးယောက်ထွက်တယ်။ အောင်ချက်လည်း တက်တယ်၊ ဂုဏ်ထူးအရေအတွက်လည်း များလာတယ်။ အောင်ချက်ရာခိုင်နှုန်းငါးရာခိုင်နှုန်းလောက်တက်လာတယ်ဆိုတဲ့ အတွက် ဆရာ၊ ဆရာမတွေရဲ့ ကြိုးစားမှု ကို အသိအမှတ်မပြုဘဲ မနေနိုင် ပါဘူး ခင်ဗျာ။" ဟု ပြောသည်။

တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးထွက်ရှိပြီး တစ်နိုင်ငံလုံး အမှတ်အများဆုံး ရရှိသည့် မသီရိစိုးက "ရမယ်လို့တော့ မျှော်မှန်းမထားဘူး၊ အရမ်းလည်းပျော်ပါတယ်။ ဆရာသမားတွေ အကုန်လုံးကို ကျေးဇူးတင်ရှိပါတယ်။CAE ကိုယ်ပိုင်အထက်တန်းကျောင်းကို ရောက်ရှိပြီးတဲ့ အခါမှာ အရမ်းကို ဂရုစိုက်ပြီးတော့ သင်ကြားပေးခဲ့ပါတယ်။ တစ်ရက်ကို ရှစ်နာရီလောက်တော့ စာလုပ်ရပါတယ်။ တစ်ရက်စာ တစ်ရက်ကို ပိုင်အောင်လုပ်တယ်။ မေးခွန်းဟောင်းတွေရော ထပ်ခါတလဲလဲလုပ်ပေးပြီးတော့ အကုန်လုံးကို ထောင့်ပေါင်းစုံကနေ လိုလေးသေးမရှိအောင် သင်ကြားပေးခဲ့ပါတယ်။ ဒါကြောင့် ဒီလိုမျိုး ရရှိခဲ့တာလို့ ထင်ပါတယ်။ ကြိုးစားရင်တော့ အကုန်လုံးရနိုင်တာပေါ့နော်၊ ကြိုးစားဖို့ပဲ လိုတာပါ။ အောင်မြင်မှုပန်းတိုင်ကို လက်မလျှော့ဘဲ ကြိုးစားကြဖို့ ညီတွေ၊ ညီမတွေကို ပြောချင်ပါတယ်" ဟု ပြောသည်။

တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးထွက်ရှိပြီး တစ်နိုင်ငံလုံး ဒုတိယအမှတ် အများဆုံးရရှိသည့် မောင်စည်သူဗိုလ်က "ကျွန်တော်အခုလိုမျိုး ရရှိလာတယ်ဆိုတာက ကျွန်တော် တစ်ယောက်တည်း တော်လို့ မဟုတ်ပါဘူး၊ စံဟိန်းကိုယ်ပိုင်အထက်တန်းကျောင်းက စာသင်ကြားပေးတဲ့ဆရာ၊ ဆရာမတွေနဲ့ ထောက်ပံ့ပေးတဲ့အဖေ၊ အမေတို့ကြောင့်ဖြစ်ပါတယ်၊ စာတော်ဖို့ဆိုရင် ဦးနှောက်တအားကောင်းဖို့ထက် ပုံမှန်လေ့ကျင့်တာက အဓိကပါ၊ တဖြည်းဖြည်းနဲ့ နေ့စဉ် နေ့စဉ် လေ့ကျင့်ရင်နောက်ပိုင်း အဲဒီစာတွေကို ကြေသွားပြီးတော့ ဖြေနိုင်သွားတာပါပဲ၊ သူများထက်ထူးနေဖို့လဲမလို၊ အဓိကက တော့ ကြိုးစားဖို့ပါ" ဟု ပြောသည်။

တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် တစ်နိုင်ငံလုံးပဋ္ဌမရရှိသည့် မအိကေဇင်က "စိတ်ဖိစီးမှုတွေ အများကြီးခံခဲ့ရတယ်။ အဲဒီလို စိတ်ဖိစီးမှုနဲ့ ကြုံတွေ့တိုင်းမှာ ကိုယ့်အတွက် မျှော်လင့်နေကြတဲ့ အလင်းတန်းကိုယ်ပိုင်အထက်တန်းကျောင်းက ဆရာ၊ ဆရာမတွေနဲ့ အိမ်က မိသားစုဝင်တွေရဲ့ မျက်နှာကိုပဲ ပြေးမြင်လိုက်တယ်ရှင်။ သူတို့ပေးတဲ့ ခွန်အားနဲ့ပဲ ဆက်ပြီးတော့ ကြိုးစားခဲ့တာပါ။ မေးခွန်းထုတ်ချင်တဲ့ ဆရာ၊ ဆရာမတွေက သူတို့ထုတ်ချင်သလို ထုတ်တာဖြစ်တဲ့အတွက် စာကို တစ်ကြောင်းမကျန်လေ့လာထားဖို့ လိုပါတယ်ရှင်။ ဘယ်ကွက်လပ်မှ မကျန်စေဘဲ အကုန်လုံးကို လေ့လာထားဖို့ လိုတယ်ရှင်။ ကိုယ်မသိလိုက်တဲ့နေရာ၊ သတိမထားမိလိုက်တဲ့ နေရာလေးကနေ ကွက်လပ်လုပ်လိုက်နိုင်တာဖြစ်တဲ့အတွက် လုံးဝကို စေ့စေ့စပ်စပ်သေချာလေ့လာထားဖို့ လိုပါတယ်။ ဒီလိုမျိုး ရရှိခဲ့တဲ့အတွက် ပထမဆုံးအနေနဲ့ အလင်းတန်းကိုယ်ပိုင်အထက်တန်းကျောင်းက ဆရာ၊ ဆရာမတွေကို ကျေးဇူးတင်ပါတယ်။ သူတို့တွေရဲ့ လမ်းညွှန်သင်ကြားမှုကြောင့် ဒီလိုနေရာကို ရောက်ရှိခဲ့တာ ဖြစ်ပါတယ်" ဟု ပြောသည်။

တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရရှိသည့်အပြင် တစ်နိုင်ငံလုံး ဆဋ္ဌမရရှိသည့် မမေဇင်ဖုန်းမြတ်က "အရင်ဆုံး ဆရာမတွေ ချပြပေးတဲ့ သင်ခန်းစာအတိုင်း လိုက်လုပ်ပြီးတော့ တစ်နေ့စာတစ်နေ့လည်း လိုက်ကြည့်တယ်။ ဆရာ၊ ဆရာမတွေကလည်း ဘက်ပေါင်းစုံ သေချာလေး လမ်းညွှန်ပေးကြပါတယ်။ သေချာသင်ပြပေးတယ်။ ဖေဖေ၊ မေမေတို့ကလည်း လိုလေးသေးမရှိအောင် သေချာလေးထောက်ပံ့ပေးခဲ့တဲ့အတွက် ဒီလိုမျိုးရရှိခဲ့တယ်လို့ ထင်ပါတယ်။ သေချာသင်ကြားပေးတဲ့ CAE ကိုယ်ပိုင်အထက်တန်းကျောင်းက ဆရာ၊ ဆရာမတွေကို ကျေးဇူးတင်ပါတယ်။ ဆရာမကြီး ဒေါ်နှင်းနှင်းမော်ကိုလည်း ကျေးဇူးတင်ပါတယ်" ဟု ပြောသည်။

တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရရှိသည့်အပြင် မန္တလေးတိုင်းဒေသကြီး ဆဋ္ဌမရရှိသည့် မဆောင်းနှင်းဖြူက "သမီးက ဘာသာစုံဂုဏ်ထူးရရှိဖို့အတွက် နေ့တိုင်းအလင်းတန်းကိုယ်ပိုင်အထက်တန်းကျောင်းက ပြန်လာကတည်းက တစ်နာရီလောက်ပဲနားပြီး ၅ နာရီကနေ ၇ နာရီလောက်အထိ ကျူရှင်သွားတယ်။ နာရီဝက်လောက်ပဲနားပြီး ည ၁၁ နာရီလောက်အထိ စာကို ပြန်လုပ်တယ်။ မနက်ကိုလည်း လေးနာရီ၊ ငါးနာရီလောက်ထပြီး ညကကျက်ပြီးသား စာတွေကို ပြန်နွှေးပြီးတော့ ကျောင်းကို သွားပါတယ်။ အဲဒါမျိုးက နေ့တိုင်းတော့ မလုပ်နိုင်ဖြစ်မှာစိုးလို့ အဖေနဲ့အမေက ဘေးကနေ စောင့်ပေးတယ်၊ အိပ်ချင်ပြေအောင် ရပ်ကွက်ထဲမယ် ပြေးပေးတာတွေကိုလည်း လုပ်ပေးပါတယ်။ အဲဒါကြောင့် သမီးရဲ့ အဖေနဲ့အမေကို အရမ်းကျေးဇူးတင်ပါတယ်။ အဝေးကနေ အမြဲစောင့်ရှောက်ပေးတဲ့အစ်မကိုလည်း ကျေးဇူးတင်ပါတယ်။ နောက်နှစ်တွေမှာ တက်လာမယ့် ညီ၊ ညီမတွေအနေနဲ့ စေ့စပ်သေချာပြီးတော့ အမြဲတမ်းမှတ်မိစေဖို့ နေ့စဉ်မပြတ် စာလုပ်ဖို့ အကြံပေးချင်ပါတယ်။ စာမေးပွဲနားနီးမှ ကပ်လုပ်တာမျိုး မဟုတ်ဘဲနဲ့ မတိုင်ခင် တစ်ပတ်အလိုလောက်မှာ စာတွေကို အလွတ်ချရေးတာဖြစ်ဖြစ်လုပ်စေချင်ပါတယ်။ စာမေးပွဲနားနီးမှ လုပ်တဲ့ စာတွေက ခေါင်းထဲကို မဝင်တာက များပါတယ်။ စာတွေကို တစ်ပတ်၊ နှစ်ပတ်လောက်အလိုမှာ ကြိုတင်ပြင်ဆင်ထားသင့်ပါတယ်" ဟု ပြောသည်။

တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရရှိသည့် မအိမ့်မှူးခင်က "စာစသင်တဲ့ရက်ကတည်းက တစ်ရက်စာတစ်ရက်ကို ပုံမှန်လုပ်တယ်၊ တစ်ပတ်စာ တစ်ပတ်ပုံမှန်ဖြတ်တယ်။ ပုံမှန်လေးအတိုင်း ဆက်တိုက်လုပ်ဆောင်ပါတယ်။ ပင်ပန်းတာတွေကတော့ ရှိတာပေါ့၊ ဒါပေမယ့် အရှုံးမပေးဘဲ ကိုယ့်ဘာသာကိုယ် ဆက်တိုက်လုပ်ဆောင်သွားမယ်ဆိုရင် ကိုယ်ရည်မှန်းတဲ့ ပန်းတိုင်ကိုရောက်သွားမှာ ဖြစ်ပါတယ်။ အဖေကတော့ သမီးငယ်ငယ်လေးကတည်းက ဆုံးသွားတာပါ။ အဘိုး၊ အဘွားနဲ့ မေမေတို့က ငယ်ငယ်လေးကတည်းက သမီးကို ထောက်ပံ့ပေးခဲ့ကြတာပါ။ သမီးအနေနဲ့ ဒီနိုင်ငံတော်အတွက် ဆရာဝန်တစ်ယောက်အဖြစ် အကျိုးပြုမယ်လို့ ရည်မှန်းထားပါတယ်ရှင့်။ ဖြစ်ချင်တာကတော့ ကလေးအထူးကုဆရာဝန်ကြီး ဖြစ်ပါတယ်ရှင်" ဟု ပြောသည်။

ထို့ပြင် ယခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် မန္တလေးဗဟိုအကျဉ်းထောင်စာစစ်ဌာန၌လည်း (၁၀)ဦးဖြေဆိုခဲ့ကြရာ သုံးဘာသာဂုဏ်ထူးရှင် ၄ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၅ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၁ ဦး ထွက်ပေါ်ခဲ့ပြီး ရာခိုင်နှုန်းပြည့်အောင်မြင်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၈)**

၀-၀-၀-၀-၀



# နိုင်ငံတကာ အားကစား သတင်းများ

## ဖီးလစ်အန်မီချာကို ခေါ်ယူရန် နယူးကာဆယ်အသင်း စီစဉ်



**လန်ဒန် ဇွန် ၂၈**

နယူးကာဆယ်အသင်းသည် ဒေါ့မွန်အသင်း ကွင်းလယ်ကစားသမား ဖီးလစ်အန်မီချာကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၅)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ဒေါ့မွန်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၂ ပွဲကစားကာ ၁၃ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် နယူးကာဆယ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ဒေါ့မွန်အသင်းကလည်း ဖီးလစ်အန်မီချာအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် နယူးကာဆယ်အသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် ဒေါ့မွန်အသင်းထံမှ ဖီးလစ်အန်မီချာကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(အပေါ်ဝဲပုံ)**

**(NGB)**

## ဒီယိုဂိုဆူဆာကို စတာရာဘော့စ်အသင်း ခေါ်ယူ





**ပါရီ ဇွန် ၂၈**

ပြင်သစ်လီဂူးကလပ် စတာရာဘော့စ်အသင်းသည် ပေါ်တူဂီကလပ် ဗစ်တိုရီးယားSCအသင်း ကွင်းလယ်ခံစစ်ကစားသမား ဒီယိုဂိုဆူဆာကို ယူရို ၁၀သန်းဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၀)နှစ်အရွယ်ရှိ ကွင်းလယ်ခံစစ်ကစားသမားသည် စတာရာဘော့စ်အသင်းနှင့်အတူ ၂၀၃၁ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။

ကွင်းလယ်ခံစစ်ကစားသမား ဒီယိုဂိုဆူဆာသည် အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် စတာရာဘော့စ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

စတာရာဘော့စ်အသင်းအနေဖြင့် လာမည့် ဘောလုံးရာသီအတွက် ကြိုတင်ပြင်ဆင်မှုအနေဖြင့် လက်ရှိဈေးကွက်အတွင်း ကစားသမားသစ်များ ထပ်မံခေါ်ယူသွားဦးမည်ဖြစ်သည်။

**(အပေါ်ပုံ)**

**(NGB)**

## ဂျာဟန်ဘက်ရှ် အီရန်အသင်းကစားသမားဘဝ နိုင်ငံတကာပွဲပေါင်း ၁၀၀ ပြည့်မြောက်





**လန်ဒန် ဇွန် ၂၈**

အီရန်အသင်း တောင်ပံကစားသမား ဂျာဟန်ဘက်ရှ် အသင်းကစား သမားဘဝ နိုင်ငံတကာပွဲပေါင်း ၁၀၀ ပြည့်မြောက်သည့် စံချိန်မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ တောင်ပံကစားသမားသည် ၂၀၂၆ ကမ္ဘာ့ဖလား အုပ်စုပွဲစဉ်အဖြစ် အီရန်အသင်းက အီဂျစ်အသင်းနှင့် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည့်ပွဲစဉ်တွင် ပါဝင်ကစားပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

တောင်ပံကစားသမား ဂျာဟန်ဘက်ရှ်သည် အီရန်အသင်းနှင့်အတူ ၂၀၁၃မှ ၂၀၂၆ ခုနှစ်အထိ ပြိုင်ပွဲ ပွဲ ၁၀၀ ကစားကာ ၁၇ဂိုးထိ သွင်းယူနိုင်ခဲ့သည်။

အီရန်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားအုပ်စု(G)ပွဲစဉ်အားလုံး ယှဉ်ပြိုင်ကစားအပြီးတွင် ရမှတ် ၃မှတ်ဖြင့် အုပ်စုတတိယနေရာရရှိကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။

**(အပေါ်ပုံ)**

**(NGB)**

## ဂေါ့ဒ်ဖရေး လန်ဒန်စီးတီးလိုင်အွန်နက်စ်အမျိုးသမီးအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် ဇွန် ၂၈**

ပရီးမီးယားလိဂ်ကလပ် လန်ဒန်စီးတီးလိုင်အွန်နက်စ်အမျိုးသမီးအသင်းသည် အသင်းတိုက်စစ်မှူး ဂေါ့ဒ်ဖရေးကို ၂၀၂၉ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် တစ်ရပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူး လန်ဒန်စီးတီးလိုင်အွန်နက်စ် အမျိုးသမီးအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပရီးမီးယားလိဂ် အမှတ်ပေးဇယား အဆင့်(၆)နေရာအထိ ရောက်ရှိအောင် အကောင်းဆုံး ပံ့ပိုးကူညီနိုင်မှုကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၂၁)နှစ်အရွယ်ရှိ ဂေါ့ဒ်ဖရေးက "ကျွန်မ အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့အတူ လာမည့်ဘောလုံးရာသီသစ်မှာလည်း အောင်မြင်မှုတွေ ရယူနိုင်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။



**(ယာပုံ)**

**(NGB)**

## မန်ဆျူရယ်အူဂါတီ ဒူးဒဏ်ရာပြင်းထန်စွာရရှိခဲ့မှုကြောင့် ကာလရှည်အနားယူရဖွယ်ရှိ

**လန်ဒန် ဇွန် ၂၈**

ဥရုဂွေးအသင်း ကွင်းလယ်ကစားသမား မန်ဆျူရယ်အူဂါတီ ဒူးဒဏ်ရာပြင်းထန်စွာ ရရှိခဲ့မှုကြောင့် ကာလရှည် အနားယူရဖွယ်ရှိနေသည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ၂၀၂၆ ကမ္ဘာ့ဖလား အုပ်စုပွဲစဉ်အဖြစ် ဥရုဂွေးအသင်းက စပိန်အသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား မန်ဆျူရယ်အူဂါတီ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် နိုင်ငံအသင်းဖြစ်သည့် ဥရုဂွေးအသင်းအတွက်သာမက ကလပ်အသင်းဖြစ်သည့် မန်ယူအသင်းအတွက်လည်း ထိုးနက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၅)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား မန်ဆျူရယ်အူဂါတီသည် ဥရုဂွေးအသင်းနှင့်အတူ ၂၀၂၁မှ ၂၀၂၆ခုနှစ်အထိ နိုင်ငံတကာပွဲပေါင်း ၂၉ပွဲကစားကာ ၁ဂိုး သွင်းယူထားသည်။

**(အောက်ပုံ) (NGB)**



## မာကိုပါလက်စထရာကို ချဲလ်ဆီးအသင်း ခေါ်ယူ



**လန်ဒန် ဇွန် ၂၈**

ချဲလ်ဆီးအသင်းသည် အတ္တလန္တာအသင်း တောင်ပံကစားသမား မာကိုပါလက်စထရာကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၄၃သန်းဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၁)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ချဲလ်ဆီးအသင်းနှင့် အတူ ၂၀၃၃ ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။

တောင်ပံကစားသမား မာကိုပါလက်စထရာသည် ပြီးခဲ့သည့်ဘောလုံးရာသီက အတ္တလန္တာအသင်းမှ ကက်ဂလီယာရီအသင်းသို့ အငှားပြောင်းရွှေ့ကစားပြီး ပြိုင်ပွဲ ၃၇ ပွဲကစားပြီး တစ်ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ချဲလ်ဆီးအသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

ချဲလ်ဆီးအသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား ငါးဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။

**(ဝဲပုံ)**

**(NGB)**

0-0-0-0-0-0-0-0

## အင်္ဂလန်အသင်းက ပနားမားအသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် ဇွန် ၂၈**

၂၀၂၆ ကမ္ဘာ့ဖလား အုပ်စု (L)ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်း ကမ္ဘာ့အဆင့် (၄)ရှိ အင်္ဂလန်အသင်းနှင့် ကမ္ဘာ့အဆင့် (၃၄)ရှိ ပနားမားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အင်္ဂလန်အသင်းက ပနားမားအသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ **(ဝဲပုံ)**

အင်္ဂလန်အသင်းအတွက် သွင်းဂိုး နှစ်ဂိုးကို ပွဲချိန် ၆၂ မိနစ်တွင် ဘယ်လင်ဟမ်၊ ပွဲချိန် ၆၇ မိနစ်တွင် ဟယ်ရီကိန်းတို့က အသီးသီး သွင်းယူပေးခဲ့သည်။

အင်္ဂလန်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ၃၂သင်းအဆင့်တွင် ဒီအာကွန်ဂိုအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(NGB)**



### ဘောလုံးသတင်းအတိုအထွာများ

* မန်ယူအသင်း၊ ချဲလ်ဆီးအသင်း၊ အာဆင်နယ်အသင်းတို့သည် စပို့တင်းလစ္စဘွန်းအသင်း နောက်ခံကစားသမား မက်ဆီအာရောဂျိုကို ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

* ဘရန့်ဖို့ဒ်အသင်းသည် ဘန်လေအသင်း တောင်ပံကစားသမား ဂျိုင်ဒွန်အန်တိုနီကို ခေါ်ယူရန် ဆွေးနွေးလျက်ရှိသည်။

* ၂၀၂၆ကမ္ဘာ့ဖလားပြိုင်ပွဲကို ပထမဆုံးဆင်နွှဲခွင့်ရပြီး လူဦးရေ ငါးသိန်းကျော်သာရှိသည့် ကိပ်ဗာဒီအသင်းသည် ၃၂ သင်းအဆင့်သို့ အံ့အားသင့်ဖွယ် တက်ရောက်နိုင်ခဲ့သည်။ **(NGB)**

### ၂၀၂၆ ကမ္ဘာ့ဖလား(၃၂သင်းအဆင့်ပွဲစဉ်များ) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှု |
|---|---|---|
| ၂၉-၆-၂၀၂၆<br>ည ၁၁း၃၀ နာရီ | ဘရာဇီး - ဂျပန် | ဘရာဇီး ၃-၀ ဂျပန်<br>ဂျပန် ၃-၂ ဘရာဇီး |
| ၃၀-၆-၂၀၂၆<br>နံနက် ၀၃း၀၀ နာရီ | ဂျာမနီ - ပါရာဂွေး | ဂျာမနီ ၃-၃ ပါရာဂွေး<br>(၁၅-၈-၂၀၁၃ နိုင်ငံတကာခြေစမ်းပွဲ) |
| ၃၀-၆-၂၀၂၆<br>နံနက် ၀၇း၃၀ နာရီ | နယ်သာလန် - မော်ရိုကို | နယ်သာလန် ၂-၁ မော်ရိုကို<br>(၁-၆-၂၀၁၇ နိုင်ငံတကာခြေစမ်းပွဲ) |

## 2026 Bad Homburg Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Karolina Muchova ဆွတ်ခူး

**မြူးနစ် ဇွန် ၂၈**

ဂျာမနီနိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Bad Homburg Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ချက်တင်းနစ်မယ် Karolina Muchova က ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ ချက်တင်းနစ်မယ် Karolina Muchova သည် 2026 Bad Homburg Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ဂျပန်တင်းနစ်မယ် Naomi Osaka ကို ၆-၁၊ ၆-၂ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၂၉)နှစ်အရွယ်ရှိ Karolina Muchova က "ကျွန်မ အခုလို 2026 Bad Homburg Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ကျွန်မနိုင်ငံအတွက်လည်း အကောင်းဆုံးဂုဏ်ဆောင်နိုင်ခဲ့ပါတယ်။ ကျွန်မကို အားပေးတဲ့ ပရိသတ်တစ်ဦးတစ်ယောက်ချင်းစီတိုင်းကိုလည်း အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

**(NGB)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**တောင်တွင်းကြီး ဇွန် ၂၈**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ အနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး ယာဉ်လမ်းအန္တရာယ်ကင်းရှင်းစွာ သွားလာတတ်စေရန် ရည်ရွယ်၍ ယမန်နေ့ နံနက်ပိုင်းက တောင်တွင်းကြီးမြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုအရာခံဗိုလ်စိုးပိုင် ဦးဆောင်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းခွဲ မြတ်ပညာခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ယာဉ်ထိန်းရဲတပ်ဖွဲ့စုရုံးမှ ဒုအရာခံဗိုလ်က ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် မော်တော်ဆိုင်ကယ် စီးနင်းသူများ လိုက်နာရန် စည်းကမ်းများ၊ မလိုလားအပ်သည့် အသက်ဆုံးရှုံးမှုများမဖြစ်စေရန်၊ ပြည်သူများ ယာဉ်အန္တရာယ်ဖြစ်ပွားမှု လျော့နည်းစေရန်၊ အခြေခံပညာကျောင်းများနှင့် အချက်အခြာကျသည့် လမ်းဆုံ၊ လမ်းခွများတွင် ပြည်သူများအား အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ဆွေးနွေးပြောကြားခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



(အပေါ်ပုံ)

နောင်နောင်(ဗိုသနီးမြေ)

*-*-*-*-*



# မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြင်းမူမြို့နယ်၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**မြင်းမူ ဇွန် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ မြင်းမူမြို့နယ်တွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်သစ်တောဦးစီးဌာနမှ ကြီးမှူး၍ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ သစ်ပင်များ စိုက်ပျိုးခြင်းဖြင့် ဒေသတွင်း အပူချိန်လျော့ကျလာစေရန်၊ သစ်တောသစ်ပင်များ ပြုန်းတီးမှုမဖြစ်ပေါ်စေရန် ရည်ရွယ်၍ မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၇ ရက် နံနက်ပိုင်းက မြင်းမူမြို့၊ အရှေ့ပိုင်း ရပ်ကွက်၊ ရေနံသိုလှောင်ရုံးဝင်းနှင့် ရေနံသိုလှောင် ဝန်ထမ်းအိမ်ရာဝင်းအတွင်း စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

ရှေးဦးစွာ တပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများမှ စိုက်ပျိုးမည့် ပျိုးပင်များနှင့် လှူထုဖြန့်ပျိုးပင်များအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးတို့က ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ မြို့မိ၊ မြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ စသည့် တက်ရောက်လာသူများထံ ပေးအပ်၍ စုပေါင်းသစ်ပင် စိုက်ပျိုးပွဲကို ကျင်းပ ခဲ့သည်။

အဆိုပါ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်းနိုင်နှင့် အဖွဲ့ဝင်များ၊ စစ်ကိုင်းခရိုင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းရွှေနှင့် ဝန်ထမ်းများ၊ မြို့နယ်သစ်တောဦးစီးမှူး ဦးလွင်ကိုကိုလတ်နှင့် ဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့မိ၊ မြို့ဖများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ အင်အား ၁၀၀၀ ဦးခန့်ဖြင့် တမာပင် ၁၆၀၀၊ မယ်ဇယ်ပင် ၈၀၀၊ စုစုပေါင်း အပင် ၂၄၀၀တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

နေလင်းအောင်(ပြန်/ဆက်)

# KBZ CENTER MANDALAY မှ အခမဲ့ ကျောက်ကပ်သွေးသန့်စင်ခြင်း ပြုလုပ်ပေးနိုင်ရန် လျှောက်လွှာခေါ်ယူ

**မန္တလေး ဇွန် ၂၈**

မန္တလေး၊ ချမ်းမြသာစည် မြို့နယ်၊ ၇၃လမ်းနှင့် ၁၁၀ (မနော်ဟရီ)လမ်းထောင့်ရှိ KBZ CENTER MANDALAY တွင် ကျောက်ကပ်သွေးသန့်စင်ခြင်း ပြုလုပ်ရန် လိုအပ်သည့် လူနာများအတွက် အခမဲ့ ကျောက်ကပ်သွေးသန့်စင်ခြင်း ပြုလုပ်ပေးနိုင်ရန် လျှောက်လွှာများကို ဇူလိုင် ၁၊ ၂၊ ၃ ရက်တို့တွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ထုတ်ပေးသွားမည်ဖြစ်သည်။



အဆိုပါလျှောက်လွှာများကို ဇူလိုင် ၁၅၊ ၁၆၊ ၁၇ ရက်တို့၌ ပြန်လည်လက်ခံသွားမည်ဖြစ်ပြီး စိစစ်ရွေးချယ်ပြီးပါက ကျောက်ကပ် အခမဲ့ သွေးသန့်စင်ကုသခွင့်ရရှိမည့် လူနာများအား ပြန်လည်ဆက်သွယ်ပေးသွားမည်ဖြစ်သည်။

KBZ CENTER MANDALAY မှ ဆောင်ရွက်ပေးနေသည့် ကျန်းမာရေးဝန်ဆောင်မှုများနှင့်ပတ်သက်၍ စုံစမ်းမေးမြန်းခြင်း၊ ကြိုတင်စာရင်းပေးသွင်းခြင်းတို့ကို ဆောင်ရွက်လိုပါက ဖုန်း ၀၉-၉၄၁၆၀၀၉၉၉ (သို့မဟုတ်) U9 ဖုန်း ကိုင်ဆောင်သူများအတွက် SHORT CODE ၁၀၁၀ သို့ နေ့စဉ် တနင်္လာနေ့မှ သောကြာနေ့အတွင်း နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။

(ဝဲပုံ)

(၀၇၀)

# မဟာအောင်မြေမြို့နယ်၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများ ထုတ်ပြန်ခဲ့ရာ အောင်ချက်ရာခိုင်နှုန်း ၆၇ ဒသမ ၇၆ ရာခိုင်နှုန်းရှိ

**မန္တလေး ဇွန် ၂၈**

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ထုတ်ပြန်ခဲ့ရာ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်တွင်လည်း မြို့နယ်ပညာရေးမှူးရုံးနှင့် သက်ဆိုင်ရာ စာဖြေဌာနအသီးသီးတွင် ယနေ့နံနက် ၆ နာရီမှ စတင်ထုတ်ပြန်ပေးခဲ့သည်။

မဟာအောင်မြေမြို့နယ်၌ စာဖြေဌာန ငါးခုဖြင့် ဖွင့်လှစ်ဖြေဆိုစေခဲ့ရာ တစ်မြို့နယ်လုံး ဖြေဆိုသူ ကျောင်းသား၊ ကျောင်းသူ ၁၆၇၅ ဦး ဖြေဆိုသည့်အနက် ၁၁၃၅ ဦး အောင်မြင်ခဲ့သဖြင့် အောင်ချက်ရာခိုင်နှုန်းမှာ ၆၇ ဒသမ ၇၆ ရာခိုင်နှုန်း ရှိသည်။

အဆိုပါ အောင်မြင်သူများအနက် ခြောက်ဘာသာဂုဏ်ထူးရှင် ၃၇ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၃၇ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၅၆ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၅၅ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၉၂ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၆၄ ဦးနှင့် ရိုးရိုးအောင်မြင်သူ ၆၉၄ ဦးဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

(အောက်ပုံ)

(၀၅၆)



# မန္တလေးမြို့တွင် မြန်မာ့ဂီတနေ့အခမ်းအနား ကျင်းပ

**မန္တလေး ဇွန် ၂၈**

မြန်မာ့ဂီတနေ့အခမ်းအနားကို ဇွန် ၂၇ ရက် နံနက်ပိုင်းက မန္တလေးမြို့ မန်းမြင့်မိုရ်ဟိုတယ် ဆောက်လုပ်ရေးကုမ္ပဏီခန်းမဆောင်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးခင်မောင်ဆွေက အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဒေါ်နှင်းနှင်းဖြူက ဂီတအစည်းအရုံး(ဗဟို)က ပေးပို့သော မြန်မာ့ဂီတနေ့သဝဏ်လွှာကို ဖတ်ကြားခဲ့သည်။

ဆက်လက်၍ မြန်မာ့ဂီတနေ့အထိမ်းအမှတ် မန္တလေးတိုင်းဒေသကြီး ဂီတအစည်းအရုံးက ဦးဆောင်ကျင်းပသော သီချင်းဆိုပြိုင်ပွဲအတွက် အလှူရှင် ကိုခင်မောင်ထွေး(မန်းမြင့်မိုရ်ဟိုတယ်)က ငွေကျပ်သိန်းတစ်ရာ၊ ကိုနေမျိုးအောင်က ငွေကျပ်သိန်းတစ်ရာနှင့် တရုတ်တက်ဟုန်းပြည်နယ်ခွဲကုန်သည်ကြီးများအသင်းက ငွေကျပ်သိန်းငါးဆယ်တို့ကို လှူဒါန်းရာ အသင်းနာယကနှင့် ဥက္ကဋ္ဌတို့က လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

ထို့နောက် သီချင်းဆိုပြိုင်ပွဲနောက်ဆုံးအဆင့်ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ဒုတိယအဆင့်ပြိုင်ပွဲမှ ဆန်ခါတင် ၁၇ ဦးက မဲကျရာ သီချင်းများဖြင့် သီဆိုယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲအပြီး ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အတိတ်မြက်ခင်းစိမ်းသီချင်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်သော သူရိန်ကျော်က ပထမရရှိပြီး ဆုကြေးငွေကျပ်သိန်းသုံးဆယ်ကို တိုင်းဒေသကြီးဂီတအစည်းအရုံးဥက္ကဋ္ဌကလည်းကောင်း၊ အစွန်းရောက်ချစ်တတ်ခဲ့သောသီချင်းဖြင့် ဒုတိယရရှိသော မစုမြတ်အောင်အား ဒုတိယဥက္ကဋ္ဌ (၂) ဦးသော်တာဦးက ဆုကြေးငွေကျပ် ၂၅ သိန်းကိုလည်းကောင်း၊ ပိတောက်လမ်းသီချင်းဖြင့် တတိယရရှိသော ကိုဇော်သန်းအား အသင်းဘဏ္ဍာရေးမှူး ဦးခင်မောင်ထွေးက ငွေကျပ်သိန်း ၂၀ ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ပြီး စတုတ္ထ၊ ပဉ္စမနှင့် နှစ်သိမ့်ဆု ရရှိကြသူများကို ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးခဲ့သည်။

မြန်မာ့ဂီတနေ့အခမ်းအနားတွင် အဆိုတော်ဒွန်း အပါအဝင် တေးသံရှင်များကလည်း တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေပေးခဲ့ကြကြောင်း သိရသည်။



(ဝဲပုံ)

(၀၃၂)

# ကျောက်ဆည်မြို့နယ် ဆုတောင်းပြည့်မဟာရွှေသိမ်တော်ဘုရား အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများနှင့် စည်ကား



**ကျောက်ဆည် ဇွန် ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ သင်တောင်းကြီးကျေးရွာရှိ ဆုတောင်းပြည့် မဟာရွှေသိမ်တော် ဘုရားကြီးတွင် ဇွန် ၂၇ ရက် နံနက်ပိုင်းက အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးပြည်သူများနှင့် စည်ကားလျက်ရှိသည်။

ဆုတောင်းပြည့် မဟာရွှေသိမ်တော်ဘုရားကြီးသည် ကျောက်ဆည်မြို့မြောက်ဘက် နှစ်မိုင်ခန့်အကွာ ရန်ကုန်-မန္တလေး ကားလမ်းအရှေ့ဘက် သင်တောင်းကျေးရွာအနီးတွင် တည်ရှိကာ အဓိဋ္ဌာန်ပြီး ဆုတောင်းပါက ပြည့်ဝသည့်အတွက် နေ့စဉ် ဘုရားဖူးပြည်သူများနှင့် အမြဲ စည်ကားလျက်ရှိသည်။ ပထမလာတုန်းက ငှက်ပျောဖီးငါးဖီးပွဲနဲ့ အဓိဋ္ဌာန်ကန်တော့ဆုတောင်းတာ ပြည့်ဝခဲ့သည့်အတွက် ယခုနောက်တစ်ခေါက် လာရောက်ကြောင်း၊ ဘုရားအတွက် အလှူငွေများလည်း လှူဒါန်းရင်း လာရောက်ခြင်းဖြစ်ကြောင်း ဘုရားဖူးပြည်သူတစ်ဦးက ပြောပြသည်။

ဆုတောင်းပြည့် မဟာရွှေသိမ်တော်ဘုရားကြီးအား ၃၉၅ ခုနှစ်တွင် ရှင်အရဟံ ရဟန်းကိုယ်တိုင် သိမ်သမုတ်ပြီး အနော်ရထာမင်းကြီး တည်ထားကိုးကွယ်ခဲ့သည့် ရှေးဟောင်းဘုရားတစ်ဆူဖြစ်ကြောင်း၊ ရှေးယခင်က အငြင်းပွားမှုများရှိခဲ့ပါက ဘုရားကြီး၏ ရှေ့တော်မှောက်တွင် ငါးပါးသီလခံယူပြီး သစ္စာပြု၍ အနိုင်၊ အရှုံးအတွက် ဖယောင်းတိုင် မီးထွန်းခြင်း၊ ပန်းကပ်ခြင်းများဖြင့် အငြင်းပွားမှုများကို ပေါ်လွင်အောင် ဆောင်ရွက်ခဲ့သည့် ဖြစ်စဉ်များရှိခဲ့ကြောင်း မဟာရွှေသိမ်တော်ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

(အပေါ်ဝဲပုံ) (၄၈၅)

# လားရှိုးမြို့တွင် မြို့နယ်ပညာရေးမှူးဖလား အခြေခံပညာကျောင်းပေါင်းစုံ ပြေး၊ ခုန်၊ ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပေးအပ်ပွဲ ကျင်းပ

**လားရှိုး ဇွန် ၂၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့တွင် အခြေခံပညာ ဦးစီးဌာနနှင့် မြို့နယ်အားကစား နှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ မြို့နယ်ပညာရေးမှူး ဖလား အခြေခံပညာ ကျောင်း ပေါင်းစုံ ပြေး၊ ခုန်၊ ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပေးအပ်ပွဲကို ယမန်နေ့က ပြည်ထောင်စု အားကစား ကွင်း၌ ကျင်းပခဲ့သည်။

(အောက်ပုံ)

အဆိုပါ မြို့နယ်ပညာရေးမှူး ဖလား အခြေခံပညာ ကျောင်း ပေါင်းစုံ ပြေး၊ ခုန်၊ ပစ် ပြိုင်ပွဲ များကို ဇွန် ၂၄ ရက်တွင် အမျိုးသား၊ အမျိုးသမီး မီတာ ၁၀၀ နှင့် မီတာ ၄၀၀ အမြင့်ခုန်၊ သံပြားပစ်၊ သုံးဆင့်ခုန်ပြိုင်ပွဲများ ကျင်းပခဲ့သည်။ ထို့ပြင် ဇွန် ၂၅ ရက်တွင် အမျိုးသား၊ အမျိုးသမီး မီတာ ၂၀၀ နှင့် မီတာ ၈၀၀ အလျားခုန်၊ သံလုံးပစ်၊ လှံတံပစ် ပြိုင်ပွဲများ ကျင်းပခဲ့ပြီး ပြိုင်ပွဲ အသီးသီးတို့တွင် ထူးချွန်ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းမော်၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းနေလှိုင်၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ မြို့နယ်အားကစားမှူး ဒေါ်နန်းမျိုးသန္တာဦးနှင့် တာဝန်ရှိသူများက ထူးချွန်ဂုဏ်ပြုဆုများ အသီးသီး ချီးမြှင့်ခဲ့ကြောင်း သိရသည်။

လှမော်(ပြန်/ဆက်)





# ပုသိမ်ကြီးမြို့နယ်၌ 'ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး' ပြည်သူ့စကားဝိုင်း (PUBLIC TALK) ဆွေးနွေးပွဲ ကျင်းပ

**ပုသိမ်ကြီး ဇွန် ၂၈**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရွာသစ်ကျေးရွာ ဓမ္မာရုံတွင် ဇွန် ၂၇ ရက် နံနက် ၁၀ နာရီက 'ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး' ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း(PUBLIC TALK) ဆွေးနွေးပွဲ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအေးပိုက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက ပြည်သူ့စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဆွေသန်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေး ဆောင်ရွက်ရမည့် ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားခဲ့ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးကိုကိုလွင်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကိုကို၊ ကျေးလက်လမ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မိုးမိုးခိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး၊ သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိတို့က မိမိတို့ဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသည့် ကျေးလက်နေပြည်သူများက မိမိတို့ ဒေသအလိုက် လိုအပ်ချက်များ၊ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှု အခြေအနေများကို ဆွေးနွေးခဲ့ကြရာ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနတာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်းနှင့် ပြည်သူ့စကားဝိုင်းသို့ ကျေးလက်နေပြည်သူ အင်အား ၂၅၀ ဦးခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

ရွှေရန်ကင်း

*-*-*-*-*

# အသက်(၂၅)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

**ဟိုပုံး ဇွန် ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်တွင် ၂၀၂၆ ခုနှစ် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌဖလား အသက်(၂၅)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇွန် ၂၆ ရက် မွန်းလွဲ ၃ နာရီခွဲက မြို့မအားကစားကွင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဗိုလ်လုပွဲစဉ်အဖြစ် တောင်ပိုင်းဘောလုံးအသင်းနှင့် နမ့်ခုတ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်နေမှုအား ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ဖိုးစိန်နှင့် အဖွဲ့ဝင်များ၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး သန်းနိုင်လွင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးခွန်သိန်းရွှေနှင့် အဖွဲ့ဝင်များ၊ ဒေသအဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ ကျောင်းသား၊ ကျောင်းသူများနှင့် ဘောလုံးဝါသနာရှင်များက ကြည့်ရှုအားပေးခဲ့ကြရာ တောင်ပိုင်းဘောလုံးအသင်းက နမ့်ခုတ်ဘောလုံးအသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ဆက်လက်၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ဘုန်းကြွယ်ဟန်က လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ကျန်းမာရေးအဖွဲ့အား ဂုဏ်ပြုဆုငွေများနှင့် ဒိုင်လူကြီးအဖွဲ့အား ဂုဏ်ပြုဆုများကို ပေးအပ်သည်။ ထို့နောက် နေရာအလိုက် အကောင်းဆုံး ဆုရ အားကစားသမားများကို ပေးအပ်ရာ မြန်မာ့စီးပွားရေးဘဏ် မန်နေဂျာ ဦးသိန်းထွန်းရွှေက ဂိုးသမားအကောင်းဆုံးဆုကိုလည်းကောင်း၊ မြို့နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်မင်းဦးက နောက်တန်း အကောင်းဆုံးဆုကိုလည်းကောင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးခွန်သက်ဇော်ထွန်းက အလယ်တန်း အကောင်းဆုံးဆုကိုလည်းကောင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အတွင်းရေးမှူး ရဲမှူးဌေးအောင်က ရှေ့တန်း အကောင်းဆုံးဆုကိုလည်းကောင်း၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာကျော်ကျော်လွင်က ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ အဖွဲ့ဝင် ဦးခွန်ကျော်အေးက ဒုတိယဆုရရှိသော နမ့်ခုတ်ဘောလုံးအသင်းအား တစ်ဦးချင်းဆုတံဆိပ်ကိုလည်းကောင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ အဖွဲ့ဝင် ဦးခွန်ညီမောင်က ဒုတိယဆုရရှိသော နမ့်ခုတ်ဘောလုံးအသင်းအား ငွေသားဆု ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ ဗိုလ်မှူးကြီး သန်းနိုင်လွင်က ပထမဆုရရှိသော တောင်ပိုင်းဘောလုံးအသင်းအား တစ်ဦးချင်း ဆုတံဆိပ်ကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌက ပထမဆုရရှိသော တောင်ပိုင်းဘောလုံးအသင်းအား ငွေသားဆု ငွေကျပ် ၁၅ သိန်းကိုလည်းကောင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ပထမဆုရရှိသော တောင်ပိုင်းဘောလုံးအသင်းအား တံခွန်စိုက်ဒိုင်းကိုလည်းကောင်း ဆုများ အသီးသီး ချီးမြှင့်ခဲ့သည်။



အဆိုပါ ဘောလုံးပြိုင်ပွဲတွင် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ အသင်းပေါင်း (၂၈)သင်းဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြီး မေ ၂၅ ရက်မှ ဇွန် ၂၆ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

(ဝဲပုံ) (မန္တလေးနေ့စဉ်-၅)

နေရောင်အောက် သက်ရှိတွေကို
စောင့်ရှောက်ဖို့
အိုဇုန်းလွှာကို ထိန်းသိမ်းစို့။

# မန္တလေးငလျင်နှင့် ဌာပနာအမွေအနှစ်များ - ၃၆

မန္တလေးတစ်ခိုမှာ (၂၈-၃-၂၀၂၅)ရက်က အင်အားပြင်းငလျင်ကြီးလှုပ်ခတ်ဖျက်ဆီးမှုကြောင့် ဘုရား၊ ပုထိုး၊ စေတီ၊ ကျောင်း၊ ကန်များစွာ ထိခိုက်ပျက်စီးခဲ့ရပါတယ်။ အဲ့ဒီ ပျက်စီးမှုအခြေအနေကို ရှေးဟောင်းသုတေသနဌာနမှ တာဝန်ရှိသူများဟာ အချိန်နဲ့တပြေးညီ သွားရောက်စစ်ဆေး မှတ်တမ်းတင်ခြင်းများကို ဆောင်ရွက်ခဲ့ကြရပါတယ်။ သုတေသနဝန်ထမ်းများရဲ့ ပျက်စီးခြင်းကို မှတ်တမ်းတင်အပြီးမှာ ပြန်လည်ထူထောင်ရေးအတွက် အပျက်အစီးများကို နိုင်ငံတော်အစီအစဉ်ဖြင့်သော်လည်းကောင်း၊ မိမိအစီအစဉ်ဖြင့်သော်လည်းကောင်း ရှင်းလင်းကြရပါတယ်။ ပြိုပျက်နေတဲ့ စေတီ၊ ပုထိုးများရဲ့ အပျက်အစီးများကို ရှင်းလင်းကြတဲ့အခါ ခေတ်အဆက်ဆက် ထည့်သွင်းလှူဒါန်းခဲ့ကြတဲ့ ဌာပနာအမွေအနှစ်များကို တွေ့လာခဲ့ကြရပါတယ်။ ဒီနေရာမှာ ရှင်းလင်းကြသူများရဲ့ အတွေ့အကြုံရယ်၊ စေတနာရယ်၊ ကျွမ်းကျင်မှုများအပေါ်မူတည်လို့ ဌာပနာ အမွေအနှစ်များရဲ့ ပျက်စီးမှုကွာခြားသွားပါတယ်။ အပြိုအပျက်ကို ရှင်းသွားရင် ပြီးရောဆိုပြီး မြေတူးမြေကော်စက်ကြီးများနဲ့ ရှင်းလင်းကြတဲ့အခါဖြစ်စေ၊ အတွေ့အကြုံနည်းပါးတဲ့ လုပ်အားပေးတွေနဲ့ ရှင်းလင်းကြတဲ့အခါဖြစ်စေ၊ ဌာပနာများဟာ ဝမ်းနည်းစရာကောင်းလောက်အောင် အပျက်အစီး များပြားတာကို တွေ့ခဲ့ရပါတယ်။ ဒီနေရာမှာ လူအားနဲ့ ရှင်းလင်းတာဖြစ်သော်လည်း စေတနာအားနည်းတဲ့အခါမျိုးမှာလည်း အပျက်အစီးများတာကို တွေ့ရသလို ကျွမ်းကျင်တဲ့၊ စေတနာပါတဲ့ လူများနဲ့ တွေ့ရင်တော့ အပျက်အစီးနည်းပါးတာကို တွေ့ကြရပါတယ်။ ကျွန်တော်တို့ ရှေးဟောင်းသုတေသနဌာနက လေ့ကျင့်ထားတဲ့ အတွေ့အကြုံများတဲ့ ဝန်ထမ်းများဆိုရင်တော့ ဌာပနာတွေ တွေ့ပြီဆိုတာနဲ့ သက်ဆိုင်ရာ ဘုန်းတော်ကြီးများ၊ ဂေါပကအဖွဲ့များကို အကြောင်းကြားခေါ်ယူပြီး သူတို့ရှေ့မှာပဲ အပျက်အစီးမရှိအောင် ဖြေးဖြေးချင်းထုတ်ယူတာမျိုး၊ မှတ်တမ်းတင်တာမျိုး လုပ်ကြရပါတယ်။ သို့သော် အခုကြုံတွေ့ရတဲ့ ငလျင်ကြီးရဲ့ ဖျက်စွမ်းအားက ကြီးမားလွန်းပြီး အပျက်အစီးကလည်း အလွန်များလွန်းတော့ အထက်မှာတင်ပြခဲ့သလို ကျွမ်းကျင်တဲ့သူများနဲ့ ဖြေးဖြေးချင်း ထုတ်ယူဖို့ဆိုတာ မဖြစ်နိုင်တော့ပါ။ ဒါ့ကြောင့်လည်း ပျက်စီးနေတဲ့ ဌာပနာအမွေအနှစ်များကို တွေ့ရတဲ့အခါ စိတ်မကောင်းပေမယ့် ကမ္မသကာလို့ပဲ ဖြေတွေး တွေးရပါတော့တယ်။ ဒီနေရာမှာ တခုတ်တရ မှတ်တမ်းတင်ထားခဲ့တဲ့ အမရပူရမြို့ရဲ့ အထင်ကရဖြစ်သော တောင်သမန်အင်းစပ်မှာ ပုဂံမင်း တည်ထားခဲ့တဲ့ တောင်သမန် ကျောက်တော်ကြီးဘုရားဌာပနာ အမွေအနှစ်တွေ ထုတ်ယူကြပုံလေးကို အခြားသော ဘုရား၊ စေတီများ နမူနာ ယူကြစေဖို့ ပြန်ပြောင်းပြောပြပါရစေ။ တောင်သမန် ကျောက်တော်ကြီးဟာ အမရပူရခေတ်ရဲ့ တဖန်ပြန်ပြီး ဆန်းသစ်ထားတဲ့ လိုဏ်ခံကွမ်းထောင်ပေါက် စေတီတော်တစ်ဆူ ဖြစ်ပါတယ်။ အင်အားပြင်းငလျင်ကြီးကြောင့် ကွမ်းထောင်အခြေမှာ အကြီးအကျယ် ထိခိုက်ခဲ့ရပါတယ်။ မြေပြင်ကအမြင်မှာ ကွမ်းထောင်ကို သိပ်ကြီးတယ်လို့ မထင်ရပေမယ့် ပကတိကတော့ အရွယ်အစား အတော်ကြီးပါတယ်။ အဲ့ဒါလောက်ကြီးတဲ့ ကွမ်းထောင်ကြီးရဲ့ အောက်ခြေကနေ အလျားလိုက် ပြတ်ထွက်သွားတဲ့အပြင် အပေါ်ပိုင်း ကွမ်းထောင်ကြီးဟာ အံလွဲသွားပြီး ဘယ်လိုမှ ပြန်လည်ပြုပြင်ထိန်းသိမ်းလို့ မရလောက်အောင် ပျက်စီးသွားခဲ့ပါတယ်။ ဒါ့ကြောင့်လဲ သက်ဆိုင်ရာ ပညာရှင်များရဲ့ ဆုံးဖြတ်ချက်နဲ့အညီ လူအားနဲ့ ဖျက်ချဖို့အခြေအနေ ဖြစ်လာပါတယ်။ ဒါ့ကြောင့် ရွာထဲက စေတနာရှင် လုပ်အားပေး လူငယ်တွေက



ချိတ်ခံခေါင်းပွ ငွေဆင်းတုတော်



ယိုးဒယားသိမ်တော်ကြီးမှ နံရံပန်းချီ

ဘုရားအထက်ပိုင်း ကွမ်းထောင်ခြေအထိ တက်ပြီး ငြမ်းဆင်ကာ ကွမ်းထောင်ထိပ်ပိုင်းကနေစလို့ ဆယ်ပေါင်တူနဲ့ ဖြည်းဖြည်းချင်းထုပြီး ဖျက်ချရပါတယ်။ ဆယ်ပေါင်တူ တစ်ချက်ထုလိုက်တိုင်း လိုဏ်သံဟိန်းပြီး တုန်ခါနေလို့ ရင်တထိတ်ထိတ်နဲ့ အတော်သတိထားပြီး ဆောင်ရွက်ကြရပါတယ်။ အဲ့ဒီလိုနဲ့ ကွမ်းထောင်ထိပ်ပိုင်းမှာစီပြီး အလွှာလိုက် တည်ဆောက်ထားခဲ့တဲ့ အမရပူရခေတ် အုတ်ချပ်ကြီးတွေကို ဆယ်ပေါင်တူနဲ့ ထုခွဲရိုက်ဖျက်လာလိုက်တာ တဖြည်းဖြည်းနဲ့ ဌာပနာတိုက်ကြီးကို မမျှော်လင့်ဘဲ ဘွားကနဲ တွေ့တယ်ဆိုတဲ့အကြောင်း လုပ်အားပေးတွေက အော်ပြီး သတင်းပို့လာကြပါတယ်။ အဲ့ဒီလို သတင်းပို့သံလည်း ထွက်လာရော သက်ဆိုင်ရာ ဂေါပကတွေနဲ့ ဩဝါဒါစရိယဆရာတော်တွေက ခဏရပ်ဖို့ ဦးစွာ ပြောကြပါတယ်။ ပြီးတော့ ဂေါပကအဖွဲ့ဝင်တစ်ဦး ကိုယ်တိုင် ဘုရားပေါ်တက်သွားပြီး သေချာနေရာယူလို့ သူ့တယ်လီဖုန်းနဲ့ ဗီဒီယိုစပြီး ရိုက်သလို အောက်က ပုဂ္ဂိုလ်များဆီကိုလည်း အချိန်နဲ့ တပြေးညီ Live လွှင့်ပေးပါတယ်။ ဒါ့ကြောင့် တွေ့လာတဲ့ ဌာပနာပစ္စည်းတွေကို မပျက်မစီးရအောင် အထက်နဲ့အောက် ဟန်ချက်ညီညီ စံနစ်တကျ ဖြည်းဖြည်းချင်း ထုတ်ယူပြီး အောက်ကိုလည်း မထိခိုက်ရအောင် ချပေးကြပါတယ်။ အဲ့ဒီဖြစ်စဉ်က ဘာကိုပြနေသလဲဆို ရှေးဟောင်းအမွေအနှစ်တွေကို ၁၀၀ ရာခိုင်နှုန်း မပျက်စီးအောင် ထုတ်ယူနိုင်ခဲ့တာပါပဲ။ အဲ့ဒီတော့ ဘာအကျိုးရှိခဲ့သလဲဆို တောင်သမန်ကျောက်တော်ကြီးဘုရားရဲ့ သမိုင်းကျောက်စာပါအတိုင်း အမရပူရခေတ်လက်ရာ ရွှေဆင်းတုတော်နဲ့ ငွေဆင်းတုတော်တွေကို အတိအကျ စောင့်ရှောက်ခွင့် ရလိုက်စေခဲ့ခြင်းပဲ ဖြစ်ပါတယ်။ အခုလို ဌာပနာဆင်းတုတော်တွေ ထုတ်ယူတာကို အသေးစိတ် ဘာကြောင့်များ ရေးသားတင်ပြရတာလဲဆိုရင် အစားထိုးလို့မရတဲ့ အဖိုးတန် ရှေးဟောင်းအမွေအနှစ် ဖြစ်နေလို့ပါပဲ။ ထပ်ပြီးလေးနက်အောင် တင်ပြရင် အခြားသော အဖိုးတန် စိန်ရွှေငွေဆိုတာ တန်ဖိုးကြီးမားသော်လည်း ပုံတူအစားထိုးပဲဖြစ်ဖြစ်၊ အတုအပပဲဖြစ်ဖြစ် လုပ်လို့ရပါတယ်။ ဒါပေမဲ့ ရှေးဟောင်းအမွေအနှစ်ပစ္စည်းကတော့ ပုံတူအစားထိုးလို့ မရသလို အတုအပဆိုတာလည်း တူအောင်လုပ်နိုင်ဖို့ မလွယ်ပါ။ တူခဲ့ရင်တောင်မှ အသွင်သဏ္ဌာန်ပဲ တူအောင်လုပ်လို့ရမယ် တန်ဖိုးကိုတော့ တူအောင် လုပ်လို့ လုံးဝမရပါ။ ရှေးဟောင်းအမွေအနှစ်ဆိုတာ အဲ့ဒီလောက်အထိ ရတနာထိုက်ပါတယ်။ တိုင်းပြည်ရဲ့ ရတနာ၊ လူမျိုးရဲ့ ရတနာ၊ သမိုင်းရဲ့ ရတနာလည်း ဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း တန်ဖိုးထားစေချင်လို့ အခုလို အသေးစိတ် ရေးသားတင်ပြနေရခြင်း ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ စစ်ဆေးတွေ့ရှိလာတဲ့ ဌာပနာတွေထဲက ထူးခြားထင်ရှားပြီး ရှားပါးလက်ရာဆင်းတုတော်၊ ရုပ်တုတော်လေးများအကြောင်းကို သုတေသနရှုထောင့်ကနေ စာရှုသူများ ဗဟုသုတတိုးပွားစေခြင်းအလို့ငှာ မန္တလေးငလျင်နဲ့ ဌာပနာအမွေအနှစ်များလို့ ခေါင်းစဉ်ပေးပြီး အခန်းဆက်ဆောင်းပါးလေးများ ရေးသားတင်ပြခဲ့ပါတယ်။ အဲ့ဒီအခါ စာဖတ်သူများထံကနေ ကျွန်တော့်ဆောင်းပါးနဲ့ ပတ်သက်ပြီး စိတ်ဝင်တစားနဲ့ ခေတ်ခွဲခြားပုံလေးကို မေးလာခဲ့ပါတယ်။ တကယ်တော့ ရှေးဟောင်းအမွေအနှစ်ပစ္စည်းတွေကို ခေတ်ကာလ ခွဲခြားသတ်မှတ်တယ်ဆိုတာ အလွန်အသေးစိတ်ပါတယ်။ နူးညံ့လွန်းတဲ့ အနုပညာတစ်ရပ်ဆိုရင်လည်း မမှားပါဘူး။ အခုခေတ်မှာ နည်းပညာတွေ သိပ်ကိုတိုးတက်ထွန်းကားနေတယ်ဆိုပေမယ့် ရေဒီယိုကာဗွန်လို နည်းပညာတွေနဲ့ စစ်ဆေးတာတောင်မှ ခေတ်ကာလ အတိအကျ မသိနိုင်ဘဲ အနည်းဆုံး နှစ် ၅၀-၁၀၀ လောက် ကွာခြားမှု ရှိနိုင်ပါသေးတယ်။ ကျွန်တော်တို့နိုင်ငံမှာ အဲ့ဒီလိုတိုးတက်တဲ့ ခေတ်မီနည်းပညာသုံး စက်ကိရိယာတွေလည်း မရှိပါဘူး။ ဒီတော့ အတွေ့အကြုံနဲ့ လေ့လာသင်ယူမှုကိုပဲ အားကိုးပြီး ခေတ်ကာလ ပိုင်းခြားသတ်မှတ်ခြင်းကို ဆောင်ရွက်ရပါတယ်။ အမွေအနှစ်ပစ္စည်းတွေမှာ သက္ကရာဇ်ပါတဲ့ ကမ္ပည်းစာရေးထိုးပါရှိနေရင်တော့ မလိုဘူးပေါ့လေ။ အဲ့ဒီလို သက္ကရာဇ်ရေးထိုးပါရှိတဲ့ ရှေးဟောင်းအမွေအနှစ်ပစ္စည်းဆိုတာကလည်း ရှာမှ ရှားမို့ အားကိုးဖို့ရာ အကန့်အသတ် ရှိနေတယ်လေ။ ဆက်ပြောရင် ဆက်စပ်လေ့လာနည်းနဲ့ ခေတ်ကာလခွဲခြားဖို့ရာ စာဖတ်ဖို့ သမိုင်းသိဖို့ကလည်း အရေးပါနေပါသေးတယ်။ ဥဒါဟရုဏ်ဆောင်လို့ တင်ပြပါ့မယ်။ ကုန်းဘောင်ခေတ် မြန်မာနိုင်ငံတော်ကြီးကို ငါးမည်ရ ရွှေဘိုနယ်ကနေ အလောင်းမင်းတရားကြီးက မြန်မာ သက္ကရာဇ် ၁၁၁၅ ခုမှာ စတင် တည်ထောင်ခဲ့ပါတယ်။ သူဟာ မြန်မာပြည်တစ်လွှားကိုသာမက ထိပါးနှောက်ယှက်လာတဲ့ ယိုးဒယားတွေကိုတောင် တိုက်ခိုက်နှိမ်နင်းခဲ့ပါတယ်။ သို့သော် ရာသီဥတုနဲ့ ရောဂါဘယဘေးဒဏ်ကြောင့် ဒုတိယသားတော် ဆင်ဖြူရှင်မြေဒူးမင်းလက်ထက်ကျမှ အယုဒ္ဓယကို သိမ်းပိုက်အောင်မြင်ခဲ့ပါတယ်။ အဲ့ဒီအခါ ယိုးဒယားဆွေတော်မျိုးတော်များ အပါအဝင် နှုတ်မှုလက်မှု အတတ်ပညာရှင်များနဲ့ သုံ့လူများစွာကို ခေါ်ဆောင်ခဲ့ပါတယ်။ သူတို့ကို မကွေးဒေသကနေ စစ်ကိုင်းတိုင်း ခင်ဦးရွေဦးတိုင်အောင် ရွာများစွာမှာ လူဦးရေအလိုက် လုပ်မြေစားမြေများ သတ်မှတ်ချထားပြီး ယနေ့ထက်တိုင် ချမ်းသာလွတ်လပ်စွာ နေထိုင်စေခဲ့ပါတယ်။ အဲ့ဒါကြောင့်မို့ ယိုးဒယားများ အခြေချနေထိုင်ခဲ့ရာ ရပ်ရွာများမှာ သူတို့ရဲ့ အနုပညာလက်ရာများကို အနည်းနဲ့အများ တွေ့နေရခြင်း ဖြစ်ပါတယ်။

အဲ့ဒီအထဲက စစ်ကိုင်းမြို့ ယိုးဒယားများ အခြေချ နေထိုင်ခဲ့ရာ ငါးထပ်ကြီးဘုရားအနီးလင်းဇင်းအရပ်က သိမ်တော်ကြီးထဲမှာ သူတို့ယဉ်ကျေးမှုလက်ရာစစ်စစ် နံရံဆေးရေးများကို လေ့လာတွေ့ရှိရပါတယ်။ သူတို့လက်ရာဟာ ကုန်းဘောင်ခေတ်ဦး မြန်မာ့နံရံဆေးရေးလက်ရာနဲ့ လုံးဝကွာခြားတာကို သာမန်လူတောင် သိနိုင်ပါတယ်။ ဆင်ဖြူရှင်မြေဒူးမင်းနောက်ပိုင်း ဆက်ခံကြတဲ့ အမရပူရခေတ်နဲ့ ရတနာပုံခေတ်ကာလများမှာလည်း ယိုးဒယားများဟာ မြန်မာတွေနဲ့ သွေးနှောလာတယ်ဆိုပေမယ့် အချို့အရာများကိုတော့ ထိန်းသိမ်းနိုင်ဆဲဖြစ်ပေမယ့် ကိုးကွယ်မှုတူညီနေတဲ့အတွက် ဘာသာရေးဆိုင် ဆင်းတုတော်၊ ရုပ်တုတော်များအနေနဲ့ မြန်မာဟန်မှာ ယိုးဒယားအငွေ့အသက်များကို ရောနှောလို့ တွေ့မြင်လာရပါတယ်။ ဒါ့ကြောင့် အင်အားပြင်း မန္တလေးငလျင်ကြီး လှုပ်လိုက်လို့ ပြိုကျပျက်စီးခဲ့ရတဲ့ စေတီ၊ ပုထိုးတွေထဲက ထွက်ပေါ်လာတဲ့ ချိတ်မြေခံ ခေါင်းပွရွှေ၊ ငွေ ဆင်းတုတော်များကို တွေ့လိုက်တော့ စစ်ကိုင်းက ယိုးဒယားသိမ်တော်ကြီးထဲမှာ ရေးဆွဲထားတဲ့ ယိုးဒယားဆင်းတုတော်တွေရဲ့ ဟန်ပန်အချိုးအစားနဲ့ မွမ်းမံမှုတွေကိုပါ နှိုင်းယှဉ်လေ့လာပြီး တစ်ဆက်တည်း လေ့လာတင်ပြလိုက်ရပါတယ်။

ဒီနေရာမှာ သမိုင်းကြောင်းလည်း သိတယ် လက်တွေ့လေ့လာမှုလည်း ရှိတယ်ဆိုတော့ တွေ့ရှိလာတဲ့ ဌာပနာဆင်းတုတော်တွေကို ခေတ်ကာလ ခွဲခြားသတ်မှတ်ရာမှာ များစွာထိရောက်ပြီပေါ့။ စာရှုသူများအတွက် လက်တွေ့လေ့လာနိုင်အောင်လို့ စစ်ကိုင်းယိုဒယားသိမ်တော်ကြီးထဲက ယိုးဒယား နံရံဆေးရေးပါ ဆင်းတုတော်နဲ့ အမရပူရ တောင်သမန်ကျောက်တော်ကြီး လိုဏ်ဘုရားထဲက ထွက်ပေါ် တွေ့ရှိရတဲ့ ဆင်းတုတော်ကို သုတေသနရှုထောင့်ကနေ နှိုင်းယှဉ်တင်ပြပေးလိုက်ပါတယ်၊ ဆင်းတုတော်ကို သေချာကြည့်ရင် သမိုင်းတစ်လျှောက် ပြောင်းလဲဖြစ်တည်ခဲ့တဲ့ မြန်မာ့ဟန် အမွှမ်းပန်းပုံစံကနေ သိသာစွာ ကွဲထွက်နေတဲ့ အချက်နှစ်ချက်ကို တွေ့ရပါတယ်။ အဲ့ဒီအချက်များကို သမိုင်းနဲ့ ချိန်ထိုးကြည့်လိုက်ရင် ယိုးဒယားဟန် ဖြစ်နေတယ်ဆိုတာ ကွင်းကွင်းကွက်ကွက် တွေ့ရမှာဖြစ်ပါတယ်။ သိသာစွာ ကွဲထွက်လာတဲ့ ယိုးဒယားအမွှမ်းပန်းဟန် ပထမအချက်ကတော့ နောက်ခံတံကဲပုံစံဟာ ညောင်ရွက်ကို အခြေခံထားတဲ့ ပန်းခက်ပန်းနွယ်ပုံ ဖြစ်နေပါတယ်။ ဒုတိယအချက်ကတော့ ပလ္လင်တော်က စိန်တောင်နဲ့ ရာဇမတ်ကွက် အမွှမ်းပန်းပုံစံများ ဖြစ်ပါတယ်။ မြန်မာပလ္လင်ဟန်မှာ အလယ်ကဖောင်းတန်းခံပြီး ကြာလှန်ကြာမှောက်ကိုသာ ထက်အောက်ထည့်လေ့ရှိခဲ့တာပါ။ အသေးစိတ် အချက်အလက်တွေသာ နှိုင်းယှဉ်ဖော်ပြရရင် စာလေးကြီးဖြစ်နေမှာစိုးလို့ သာမန်စာရှုသူ နားလည်လွယ်အောင် တင်ပြလိုက်ရပါကြောင်း။

ကျမ်းညွှန်း - လက်တွေ့ကွင်းဆင်း လေ့လာတွေ့ရှိချက်များ

ရက္ခိတ(ရှေး/သု)

## မူလွန်-ညောင်ပင်သာ "အင်ကြင်း"ကျောင်းဆောင်သစ်ဖွင့်ပွဲ ကျင်းပ

**ပုသိမ်ကြီး ဇွန် ၂၈**



မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ဇီးချိုကုန်းကျေးရွာအမှတ်(၂၄) မူလွန်-ညောင်ပင်သာကျောင်းအတွင်းရှိ "အင်ကြင်း"ကျောင်းဆောင်သစ်ဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဆွေသန်း၊ မြို့နယ်ပညာရေးမှူး ဒေါ်ချောစုခိုင်၊ကျောင်းအုပ်ဆရာမကြီး ဒေါ်အိအိချောနှင့် ဆရာ၊ ဆရာမများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ဘင်ခရာတပ်ဖွဲ့က ဧည့်သည်တော်များကို ကြိုဆို၍ ကျောင်းဆောင်သစ်ရှေ့တွင် နေရာယူကြသည်။ ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီးနှင့် အလှူရှင်များက "အင်ကြင်း" ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ထို့နောက် မြို့နယ်ပညာရေးမှူးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်မင်းတို့က ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် အလှူရှင်များက ကျောင်းဆောင်သစ်ဖွင့်ပွဲအထိမ်းအမှတ်အလံနှင့် စာရွက်စာတမ်းများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

အဆိုပါကျောင်းအလှူရှင်များမှာ ဇီးချိုကုန်းကျေးရွာနေ မိဘများအားရည်စူး၍ ဒေါ်ခင်ထွေး၊ ဦးမြင့်သိန်း+ဒေါ်တင်နွယ်၊ ဦးသောင်းထိုက်+ဒေါ်ထားထားဆင့် မိသားစုတို့က သိန်းနှစ်ထောင့်ငါးရာကျော် အကုန်အကျခံ၍ ဆောက်လုပ်လှူဒါန်းပြီး အရွယ်အစားမှာ အလျား ပေ ၇၀၊ အနံ ပေ ၃၀ နှစ်ထပ်ကျောင်းဆောင် အာရ်စီအမျိုးအစားဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ) (ဝ၉၁)**

## ကျောက်ဆည်မြို့နယ်၌ စိုက်ပျိုးထားသော ငှက်ပျောစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ကျောက်ဆည် ဇွန် ၂၈**



မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်တွင် ဆန်စပါးကိုအဓိကထားပြီး ယာမြေများတွင် မြေအောက်ရေကိုအသုံးပြု၍ သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ အနောက်ရေပြားတောကျေးရွာ၌ စိုက်ပျိုးထားသော ငှက်ပျောစိုက်ခင်းများ အောင်မြင်ထွန်းလျက်ရှိသည်။

ငှက်ပျောသီးနှံသည် မိသားစုတစ်နိုင်တစ်ပိုင်စိုက်ပျိုးနိုင်ပြီး အလုပ်သမားရှားပါးမှုမရှိခြင်း၊ ရောင်းချရာ၌ ငွေကြေးအလုံးအရင်းဖြင့် ရရှိခြင်းများကြောင့် ယာမြေပိုင်ဆိုင်သူများ ပိုမိုစိုက်ပျိုးလာကြောင်း၊ ငှက်ပျောစိုက်တောင်သူများထံမှ သိရသည်။ စိုက်ပျိုးရာတွင် မြေအနေအထား အပေါ် မူတည်၍ တစ်ပင်နှင့်တစ်ပင်၊ တစ်တန်းနှင့်တစ်တန်း ခြောက်ပေ၊ ရှစ်ပေအကွာထား၍ အတန်းလိုက် အမျိုးမျိုးစိုက်ပျိုးကြကြောင်းနှင့် ငှက်ပျောသီးနှံသည် စိုက်ပျိုးပြီး ရှစ်လအကြာတွင် အဖူးများ ထွက်ရှိပြီး ၁၂ လအကြာတွင် စတင်ခုတ်ယူရောင်းရကြောင်း၊ ရောင်းချရာ၌ ပွဲစားများမှ ငှက်ပျောခြောက်ဖီးပါ ငှက်ပျောအခိုင် ၄၀ အား နွားလှည်းတစ်စီးအဖြစ် သတ်မှတ်၍ ရောင်းသူ၊ ဝယ်သူအနေဖြင့် လှည်းဘယ်နှစ်စီး ရောင်းချမည်၊ ဝယ်ယူမည်ဟူ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုကာ အရောင်းအဝယ်ပြုလုပ်ကြသည်။

ကျောက်ဆည်မြို့နယ်၌ ငှက်ပျောသီးနှံများကို ယာမြေပိုင်ဆိုင်မှုများသည့် ရဲဘော်ကြီး၊ အနောက်ရေပြားတော၊ ဖျောက်ဆိပ်ပင်၊ ကျီးအိပ်၊ ကောင်းတင်၊ ကျောက်ဆောက်ကုန်း၊ဒါန်းတိုင်၊ သံရွာ၊ ပေါင်လောင်ကြီး၊ရွာသစ်၊ ရေသရောက်၊ ချောင်းဆုံ၊သရက်ပင်၊ ရဲ၊ ကြောင်၊ ဇရစ်ခဲ၊ အုန်းကြော၊ ကြက်သားဟင်း၊ ကျေးရွာများတွင် စိုက်ပျိုးကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) (၄၈၅)**

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ်၊ စာပေ လေ့လာစို့။




ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

### ညဏ်အရာမကန်းမှ သံသရာလမ်းလှမည်

* ဆီမီးတိုင်ပေါင်း
ရှစ်သောင်းလေးထောင်
ထွန်းကာဆောင်လည်း
မံသမျက်စိ ကန်းဘိသူများ
တစ်ဘဝလုံး အမှောင်ဖုံး
လုံးလုံး မမြင်ရ ။

* ဓမ္မခန္ဓာပေါင်း
ရှစ်သောင်းလေးထောင်
ဟောဖော်ဆောင်လည်း
ဉာဏမျက်စိ ကန်းသည့်သူမှာ
သံသရာလုံး အမှောင်ဖုံး
လုံးလုံး မမြင်ရ ။

* မံသမျက်စိ
ကန်းသည့်သူမှာ
အမှောင်ဖုံးရ တစ်ဘဝ
ရှုံးရတစ်သက်သာ ။

* ဉာဏမျက်စိ
ကန်းသည့်သူမှာ
အမှောင်ဖုံး ရှုံးရသံသရာ ။ ။

မောင်ချစ်ဝေ(ခေမာမြေ)

## ခရိုင်/မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**သရက် ဇွန် ၂၈**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ မြို့/ရွာ သန့်ရှင်းသာယာလှပရေးအတွက် စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဆေးရုံများ၊ အများပြည်သူနှင့်သက်ဆိုင်သည့် နေရာများ၊လမ်းဆုံများတွင် အမှိုက်များ သိမ်းဆည်းခြင်း၊ ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်း၊သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက် ၇ နာရီက အမှတ်(၃)၊အခြေခံပညာအထက်တန်းကျောင်းခွဲအတွင်း ဆောင်ရွက်ရာ ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများမှ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။ **(အောက်ပုံ)**

အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာသို့ ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီး ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ခရိုင်နှင့်မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ စုစုပေါင်း အင်အား ၃၇၅ ဦးခန့်က သစ်ပင်ချုံနွယ်များ၊ ပေါင်းမြက်များနှင့် အမှိုက်များကို ရှင်းလင်းဆောင်ရွက်ပေးခဲ့ပြီး စည်ပင်သာယာအမှိုက်သိမ်းယာဉ်ဖြင့် သိမ်းဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**



## (၁၃–၆–၂၀၂၆)ရက်နှင့် (၂၁–၆–၂၀၂၆)ရက်တို့တွင် မန္တလေးနေ့စဉ် သတင်းစာ၌ တရားလွှတ်တော်ရှေ့နေများအား လွှဲအပ်၍ ကြေညာထည့်သွင်းခဲ့သူ ဒေါ်ကြည်ကြည်ဝင်း၊ ဒေါ်မာမာအေးနှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ မင်းရဲကျော်စွာ-၂လမ်း(လမ်းတို)တွင် နေထိုင်သူ ဦးခင်မောင်ဦး(ဘ)ဦးလှမောင်(၁၂/ဒဂန(နိုင်)၀၂၄၂၆၉) ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာသည်မှာ-

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်တောင်ရပ်ကွက်၊ အကွက်အမှတ်(၈၆၈)၊ ဦးပိုင်အမှတ်(၁၀၄)၊ ဦးဝင်းနိုင် အမည်ပါ အရှေ့အနောက်ပေ(၂၀)၊ တောင်မြောက်ပေ(၅၀) အကျယ်မြေကွက်နှင့် မြေပေါ်ရှိ နံကပ်(၂)ထပ်အဆောက်အအုံသည် ဦးခင်မောင်ဦး(တစ်ဦးတည်း)ဝယ်ယူပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ပါသည်။

ဦးခင်မောင်ဦး ပိုင်ဆိုင်သော မြေကွက်နှင့် အဆောက်အအုံပေါ်တွင် မိခင် ဒေါ်ခင်တုတ်နှင့်အတူ ညီမ၊ အစ်မများဖြစ်သော ဒေါ်မာလာထွေး၊ ဒေါ်ယဉ်ယဉ်အေးတို့ကို ခေတ္တနေထိုင်ခွင့်ပေးထားခြင်း ဖြစ်ပါသည်။

ဒေါ်ခင်တုတ်နှင့် ဒေါ်မာလာထွေး၊ ဒေါ်ယဉ်ယဉ်အေးတို့ ပိုင်ဆိုင်သည့် မြေကွက်နှင့် အဆောက်အအုံမဟုတ်ကြောင်း၊ ဦးခင်မောင်ဦးသာ ပိုင်ရှင်ဖြစ်ပါကြောင်းနှင့် ဦးခင်မောင်ဦးမှ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းထားခြင်း တစ်စုံတစ်ရာမရှိပါကြောင်း၊ ဒေါ်ကြည်ကြည်ဝင်း၊ ဒေါ်မာမာအေးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးခင်မောင်ဦး(ဘ)ဦးလှမောင်**
**(၁၂/ဒဂန(နိုင်)၀၂၄၂၆၉)**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးငြိမ်းချမ်းမောင်(ခ)ဦးငြိမ်းမောင်(LL.B)၊ ဦးအောင်ဇော်ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၂၂၄)၊ ၇၅လမ်း၊ ၃၆လမ်းနှင့်၃၇လမ်းကြား၊ စကြိုနွယ်စဉ်ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၅၉၀၄၈၈၈၉၊ ၀၉–၄၀၂၆၂၆၄၁၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၅၈)၊ ဦးပိုင်နံပါတ်(၄၄)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀ × ၄၀)အကျယ်အဝန်းရှိ ဦးငွေးလွင်ဝင်း အမည်ပေါက် ဂရန်မြေကွက်၏ တောင်ဘက်ခြမ်းပေ(၃၀×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိ လွှဲပြောင်းဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးအောင်မျိုးဇော်(ဘ)ဦးဝင်းဖေ(၉/ပကခ(နိုင်)၀၁၅၈၄၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| | | | |
|---|---|---|---|
| | **ဦးတင်အောင်မိုး LL.B, LL.M**<br>**တရားလွှတ်တော်ရှေ့နေ** | **ဒေါ်အိအိမွန် LL.B, LL.M**<br>**တရားလွှတ်တော်ရှေ့နေ** | |
| **ဒေါ်ယုသစင်အောင် LL.M**<br>**တရားလွှတ်တော်ရှေ့နေ** | **ဦးဖြိုးသာစန့် LL.B**<br>**အထက်တန်းရှေ့နေ** | **ဦးစည်သူအောင် LL.B**<br>**အထက်တန်းရှေ့နေ** | **ဒေါ်သဲမိုမိုထွန်း LL.B**<br>**အထက်တန်းရှေ့နေ** |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➢ ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၀၉၄၄၊ ၀၉-၄၀၂၅၉၉၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ တောင်ကြီးရပ်ကွက်၊ အရှေ့တောင်ကြီး၊ အကွက်အမှတ်(၅၉၈) အတွင်းရှိ (၁၉×၂၇)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမွေဆက်ခံ လက်ရှိပိုင်ဆိုင်ထားပြီး အပြီးအပိုင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးအေးလွင်၏ သားသမီးများဖြစ်ကြသော ၁။ ဒေါ်နွယ်နွယ်စိုး(၉/အမရ(နိုင်)၀၆၀၆၃၆)၊ ၂။ ဒေါ်နွယ်နီလှိုင်(၉/အမရ(နိုင်)၁၂၀၃၅၆)၊ ၃။ ဒေါ်မွန်မွန်လှိုင်(၉/အမရ(နိုင်)၁၂၀၁၈၆)၊ ၄။ဦးဇော်မိုး(၉/အမရ(နိုင်)၁၂၀၁၈၅)တို့ (၄)ဦးထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးစရန်ငွေတချို့ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်း၊ စာရွက်စာတမ်းအထောက်အထားများနှင့် ကြေညာသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်သဥ္ဇာဝင်း(LL.B) တရားလွှတ်တော်ရှေ့နေ**
**ဈေးချိုရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၄၃၀၁၃၂၃၇**

## အကွက်အမှတ်(ဗ-၂၆)၊ ဦးပိုင်အမှတ်(၄-ခ-၂)၊ (၁၀ပေ×ပေ၃၀) အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၂၆)၊ ဦးပိုင်အမှတ်(၄-ခ-၂)၊ (၁၀ပေ×ပေ၃၀) အကျယ်အဝန်းရှိ မြေကွက်မှာ ဦးတင်မြင့် အမည်ဖြင့် ရရှိထားသော (စလစ်)မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်၊ အသုံးချအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းစွာဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူဖြစ်သည့် ဦးဥာဏ်လင်းထွန်း(ဘ)ဦးထွန်းအောင်(၉/အမဇ(နိုင်)၀၈၀၈၀၄)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် သဘောတူပြီး ရောင်းကြေးငွေ၏ စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ စရန်ငွေပေးချေထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ယဉ်ယဉ်မေ (LL.B) (တရားလွှတ်တော်ရှေ့နေ)**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ ။**
**ဖုန်း ၀၉–၄၀၀၄၆၉၁၈၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၃)တွင် တည်ရှိသော ဦးပိုင်အမှတ်(၃၈)အတွင်းမှ အနောက်ဘက်ခြမ်း ပေ(၂၀×၆၀)အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ အဆောက်အအုံ (ရေမီးအစုံ)၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဒေါ်သူဇာဝင်း(၉/မကန(နိုင်)၁၇၄၆၄၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြည့်သည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

| | |
|---|---|
| **ဦးလှမိုး (ဥပဒေဘွဲ့)**<br>**တရားလွှတ်တော်ရှေ့နေ** | **ဒေါ်စေစေအောင် (ဥပဒေဘွဲ့)**<br>**တရားလွှတ်တော်ရှေ့နေ** |

**အမှတ်(ဒ–၁၁ / ၄၁+၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့် လမ်း၄၀ကြား၊**
**မဟာမြိုင်(၂)ရပ်ကွက်၊မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း 09-2070007 , 09-792070007 , 09-43250000**

## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နန်းထွေးရင်(ဘ)ဦးချိန်တယ်ချောက်(၁၃/သနန(နိုင်)၀၁၃၆၆၉)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးရဲခေါင်ထွန်း(၁၄/မမက(နိုင်)၁၁၄၇၃၈)နှင့် ဒေါ်နန်းထွေးရင်တို့သည် တစ်ဦးနှင့်တစ်ဦး ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့ပါသဖြင့် (၂၃-၆-၂၀၁၈)ရက်တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်ကို မိမိတို့၏ လွတ်လပ်သော သဘောဆန္ဒတို့အရ အသိသက်သေများရှေ့တွင် လက်မှတ်ရေးထိုးကာ ပြုလုပ်ချုပ်ဆိုခဲ့ပြီး ဖြစ်ပါသည်။ ထို့ကြောင့် ဦးရဲခေါင်ထွန်းနှင့် ဒေါ်နန်းထွေးရင်တို့သည် နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ဆက်စပ်သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ–**<br>**ဒေါ်နန်းထွေးရင်**<br>**(၁၃ /သနန(နိုင်)၀၁၃၆၆၉)** | **လွှဲအပ်ညွှန်ကြားချက်အရ–**<br>**ဒေါ်မြင့်မြင့်စန်း (LL.B)၊ ဒေါ်ခင်မာမြင့်နိုင် (LL.B)**<br>**တရားလွှတ်တော်ရှေ့နေများ** |

**အကွက်(၄၀၅–ဘီ)၊ ချော်ဆိပ်၊ သံ/နောက်၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၄၀၂၆၀၆၀၃၁၊ ၀၉–၉၇၃၁၉၆၉၃၁**

**မီး**
**သတိပြု။**

## အကွက်အမှတ်(ဗ-၁၉)၊ ဦးပိုင်အမှတ်(၂၆-က)၊ မြေကွက်ထဲမှ အရှေ့ဘက်ခြမ်း (၁၀ပေ×ပေ၃၀) အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗ-၁၉)၊ ဦးပိုင်အမှတ်(၂၆-က)၊ ပေ(၂၀×၃၀) အကျယ်အဝန်းရှိ မြေကွက်မှာ ဦးစိုးအေး အမည်ဖြင့် ရရှိထားသော (စလစ်)မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်ထဲမှ အရှေ့ဘက်ခြမ်း (၁၀ပေ×ပေ၃၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်၊ အသုံးချအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းစွာဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူဖြစ်သည့် ဒေါ်လှလှဝင်း(ဘ)ဦးပိန်(၅/မမတ(နိုင်)၀၁၆၆၈၁)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် သဘောတူပြီး ရောင်းကြေးငွေ၏ စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ စရန်ငွေပေးချေထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ယဉ်ယဉ်မေ (LL.B) (တရားလွှတ်တော်ရှေ့နေ)**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ ။**
**ဖုန်း ၀၉–၄၀၀၄၆၉၁၈၈**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၈-၄)၊ ဦးပိုင်အမှတ်(၄၀)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်သည် မန္တလေးမြို့အရှေ့တောင်မြို့နယ် မြို့ကွက်သစ်နေရာချထားရေးအဖွဲ့မှ ဦးပြား(အဘ)ဦးမှိ(AE-135395) အမည်ဖြင့် ချထားရရှိသော မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အာရ်စီ(၆)ထပ် အဆောက်အအုံ၏ တောင်ဘက်ခြမ်း မြေညီထပ်၊ အခန်းအမှတ်(၁) တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ ရေ + မီး အပါအဝင် သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံးတို့နှင့်တကွ ယင်းတိုက်ခန်း၏ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မူလမြေကွက် ချထားရရှိသူထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်တို့ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ယင်းပစ္စည်းအရပ်ရပ်တို့ကို ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူဖြစ်သော ဒေါ်ယဉ်မင်းထွန်း(အဘ)ဦးခင်မောင်လှ(၁၂/လမန(နိုင်)၁၅၆၄၄၂)ထံမှ ကျွန်ုပ်တို့မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း မူရင်းအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများနှင့်တကွ ယခုကြေညာပါသည့်ရက်မှစ၍ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးစော်မင်းလေး | ဒေါ်အိအိဖွေး | ဦးစင်မင်းထိုက် | ဒေါ်ဆုမြတ်အောင် | ဒေါ်နီနီမြင့် | ဒေါ်ဆွေမြတ်စင်ဝင်း | ဒေါ်မေသူစာဝင်း |
|---|---|---|---|---|---|---|
| (LL.B) | (LL.B) | (LL.B) | (LL.B) | (LL.B) | (LL.B) | (LL.B) |

**တရားလွှတ်တော်ရှေ့နေများ**

**၂၈လမ်း၊ ၇၄လမ်းနှင့်၇၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၈၆၀၄၅၃၇၈၊ ၀၉-၄၃၁၃၃၁၇၆၊ ၀၉-၆၈၈၉၈၈၀၀၁၊ ၀၉-၆၆၀၀၆၃၆၀၀၊ ၀၉-၄၀၂၆၃၉၇၆၆**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ မြရည်နန္ဒာအိမ်ရာ၊ အကွက်အမှတ်(မမ-၂၇)၊ တိုက်အမှတ်(၇)၊ (၄)ခန်းတွဲ(၄)ထပ်(တတိယထပ်)၊ တိုက်ခန်းအမှတ်(၃၀၁)၊ ဦးမြင့်သူ(အဘ)ဦးထွန်းမြင့်(၉/မနမ(နိုင်)၀၅၄၅၂၇) အမည်ဖြင့် ချထားရရှိသော တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းတွင် သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်၊ လျှပ်စစ်မီတာ၊ ရေမီတာအပါအဝင် ယင်းတိုက်ခန်း၏ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တိုက်ခန်းချထားရရှိသူ ဦးမြင့်သူထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့် + ကိုယ်စားလှယ်ပါဝါလွှဲအပ်စာအဆင့်ဆင့်တို့ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ယင်းပစ္စည်းအရပ်ရပ်တို့ကို ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူဖြစ်သော ဒေါ်အေးအေးခိုင်(အဘ)ဦးဘိုအောင်(၉/မသန(နိုင်)၀၀၁၇၉၄)ထံမှ ကျွန်ုပ်တို့မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း မူရင်းအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများနှင့်တကွ ယခုကြေညာပါသည့်ရက်မှစ၍ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးစော်မင်းလေး | ဒေါ်အိအိဖွေး | ဦးစင်မင်းထိုက် | ဒေါ်ဆုမြတ်အောင် | ဒေါ်နီနီမြင့် | ဒေါ်ဆွေမြတ်စင်ဝင်း | ဒေါ်မေသူစာဝင်း |
|---|---|---|---|---|---|---|
| (LL.B) | (LL.B) | (LL.B) | (LL.B) | (LL.B) | (LL.B) | (LL.B) |

**တရားလွှတ်တော်ရှေ့နေများ**

**၂၈လမ်း၊ ၇၄လမ်းနှင့်၇၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၈၆၀၄၅၃၇၈၊ ၀၉-၄၃၁၃၃၁၇၆၊ ၀၉-၆၈၈၉၈၈၀၀၁၊ ၀၉-၆၆၀၀၆၃၆၀၀၊ ၀၉-၄၀၂၆၃၉၇၆၆**

## သတိပေး ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှု(၁)၊ (ဆ)ရပ်ကွက်၊ (၁၃၁)လမ်း၊ (၅၄)လမ်းနှင့် (၅၅)လမ်းကြားနေ ဒေါ်ခင်မမမျိုး (ခ)မပြည့်ပြည့်(၁၂/လသရ(နိုင်)၀၇၂၃၁၈)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးတားမြစ်ပါသည်။

ကျွန်ုပ်အမှုသည်သည် အိမ်၊ ခြံ၊ မြေများကို ဝယ်/ရောင်းလုပ်ငန်းနှင့် အကျိုးဆောင်လုပ်ငန်းအဖြစ် ရိုးသားစွာ လုပ်ကိုင်နေသူဖြစ်ပါသည်။ ကျွန်ုပ်အမှုသည်၏ ရိုးသားကြိုးစားသောဂုဏ်ကြောင့် လုပ်ငန်းအောင်မြင်တိုးတက်သည်ကို မလိုလားသူ အချို့က ကျွန်ုပ်အမှုသည်၏ အကျိုးစီးပွား ပျက်စီးစေရန် ရည်ရွယ်ပြီး မမှန်မကန်သော ပြောဆိုချက်များဖြင့် အရောင်း-အဝယ်လုပ်ငန်းတွင် ဂုဏ်သိက္ခာကျဆင်းအောင် လုပ်ဆောင်နေကြောင်း သိရှိရပါသည်။ ကျွန်ုပ်အမှုသည်သည် အိမ်၊ ခြံ၊ မြေ အကျိုးဆောင်လုပ်ငန်းကို နှစ်ကာလကြာမြင့်စွာ လုပ်ကိုင်ခဲ့ရာတွင် ရောင်းသူ-ဝယ်သူများနှင့် မည်သည့်ပြဿနာမျှ ဖြစ်ပွားခဲ့ခြင်း မရှိခဲ့ပါဘဲလျက် ကျွန်ုပ်အမှုသည် အရောင်း-အဝယ်ပြုလုပ်နေစဉ် ခွင့်ပြုချက်မရရှိဘဲ ဓာတ်ပုံများ ရိုက်ယူ-ပြသပြီး ကျွန်ုပ်အမှုသည်၏ ဂုဏ်သိက္ခာညှိုးနွမ်းအောင် ပြုလုပ်နေကြောင်း ကြားသိရပါသည်။

သို့ဖြစ်ရာ ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ ကျွန်ုပ်အမှုသည်၏ ဂုဏ်သိက္ခာကျဆင်းစေမည့် အပြောအဆို၊ အပြုအမူများ မပြုလုပ်ရန်နှင့် မလိုက်နာပါက တည်ဆဲဥပဒေနှင့်အညီ ဆက်သွယ်ရေးဥပဒေပုဒ်မ-၆၆(ဃ)အရ တရားစွဲဆိုခြင်းခံရမည်ဖြစ်ကြောင်း အထူးသတိပေး ကြေညာလိုက်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | ဒေါ်ဝင်းမာ (ဥပဒေဘွဲ့) |
|---|---|
| ဒေါ်ခင်မမမျိုး(ခ)မပြည့်ပြည့် | တရားလွှတ်တော်ရှေ့နေ-အမှတ်စဉ်(၁၉၃၀၃/ ၂၀၂၄) |

**ရုံးခန်း- လမ်း၃၀နှင့် ၃၁လမ်းကြား၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ ရန်မျိုးလုံရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၅၄၅၄၉၆၂၂**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်ကြီး၊ နန်းတော်ရာစံပြကွက်သစ်ရပ်၊ အကွက်အမှတ်(၆၀၃-က/၁မ၈) အိမ်ခြံနံထမ်းဦးပိုင်အမှတ်(၁/၇၄၀)ဟု ခေါ်တွင်သော အရှေ့အနောက် (၁၄)ပေ × တောင်မြောက် (၆၇)ပေ ဧရိယာအကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ ပျဉ်ထောင်(၁)ထပ်အိမ် (၁)လုံး၊ အဝီစိတွင်းရေ၊ ရေစက်မော်တာ၊ လျှပ်စစ်မီးမီတာ၊ သွယ်တန်းလျှပ်စစ်ကြိုး၊ ဝင်းခြံအကာအရံ၊ ပေါက်ရောက်သစ်ပင်တို့ကို ဖခင် ဦးအောင်ဇော်ဦးနှင့် မိခင် ဒေါ်နီလာလွင်တို့ အသီးသီးကွယ်လွန်၍ ၎င်းတို့၏ သားသမီးများဖြစ်ကြသည့် ၁။ ဒေါ်သိမ့်နဒီဦး(ဘ)ဦးအောင်ဇော်ဦး(၉/အမရ(နိုင်)၁၄၉၂၇၇)၊ ၂။ ဦးရဲရင့်ပိုင်ဦး(ဘ)ဦးအောင်ဇော်ဦး(၉/အမရ(နိုင်)၁၆၉၁၀၂) ကိုင်ဆောင်သူတို့က အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ပြောဆိုဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်း မူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်သူများ**
**၁။ ဦးတိုးလွင်**
**(ဘ)ဦးအောင်ရင်**
**(၇/ရတရ(နိုင်)၀၆၉၃၁၈)**
**၂။ ဒေါ်နန်းမြင့်မြင့်အေး**
**(ဘ)ဦးအောင်စန်းလွင်**
**(၅/မရန(နိုင်)၁၂၈၂၆၅)**

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**
**(Liberal) ဥပဒေအကျိုးဆောင်**

| ဦးကျော်စင် (LL.B, D.B.L) | ဦးစိုးရန်ပိုင် (LL.B) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |

**အကွက်(၄၈၀-က)၊ သာမိုးတောင်ရပ်၊ တမ္ဗဝတီ၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၃၇၃၃၃၆၈၊ ၀၉-၄၀၂၇၆၄၃၃၆၊ ၀၉-၂၂၁၂၀၅၅၊ ၀၉-၄၄၉၉၄၇၇၆၂**

## သတိပေး ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ (၅၉)လမ်း၊ (၁၂၄)လမ်းနှင့် (၁၂၅)လမ်းကြားနေ ဒေါ်ငြိမ်းသူလွင် (၉/ခအဇ(နိုင်)၀၅၂၀၃၂)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးတားမြစ်ပါသည်။

ကျွန်ုပ်အမှုသည်သည် အိမ်၊ ခြံ၊ မြေများကို ဝယ်/ရောင်းလုပ်ငန်းနှင့် အကျိုးဆောင်လုပ်ငန်းအဖြစ် ရိုးသားစွာ လုပ်ကိုင်နေသူဖြစ်ပါသည်။ ကျွန်ုပ်အမှုသည်၏ ရိုးသားကြိုးစားသောဂုဏ်ကြောင့် လုပ်ငန်းအောင်မြင်တိုးတက်သည်ကို မလိုလားသူ အချို့က ကျွန်ုပ်အမှုသည်၏ အကျိုးစီးပွား ပျက်စီးစေရန် ရည်ရွယ်ပြီး မမှန်မကန်သော ပြောဆိုချက်များဖြင့် အရောင်း-အဝယ်လုပ်ငန်းတွင် ဂုဏ်သိက္ခာကျဆင်းအောင် လုပ်ဆောင်နေကြောင်း သိရှိရပါသည်။ ကျွန်ုပ်အမှုသည်သည် အိမ်၊ ခြံ၊ မြေ အကျိုးဆောင်လုပ်ငန်းကို လုပ်ကိုင်ခဲ့ရာတွင် ရောင်းသူ-ဝယ်သူများနှင့် မည်သည့်ပြဿနာမျှ ဖြစ်ပွားခဲ့ခြင်း မရှိခဲ့ပါဘဲလျက် ကျွန်ုပ်အမှုသည် အရောင်း-အဝယ်ပြုလုပ်နေစဉ် ခွင့်ပြုချက်မရရှိဘဲ ဓာတ်ပုံများ ရိုက်ယူ-ပြသပြီး ကျွန်ုပ်အမှုသည်၏ ဂုဏ်သိက္ခာညှိုးနွမ်းအောင် ပြုလုပ်နေကြောင်း ကြားသိရပါသည်။

သို့ဖြစ်ရာ ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ ကျွန်ုပ်အမှုသည်၏ ဂုဏ်သိက္ခာကျဆင်းစေမည့် အပြောအဆို၊ အပြုအမူများ မပြုလုပ်ရန်နှင့် မလိုက်နာပါက တည်ဆဲဥပဒေနှင့်အညီ ဆက်သွယ်ရေးဥပဒေပုဒ်မ-၆၆(ဃ)အရ တရားစွဲဆိုခြင်းခံရမည်ဖြစ်ကြောင်း အထူးသတိပေး ကြေညာလိုက်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | ဒေါ်ဝင်းမာ (ဥပဒေဘွဲ့) |
|---|---|
| ဒေါ်ငြိမ်းသူလွင် | တရားလွှတ်တော်ရှေ့နေ-အမှတ်စဉ်(၁၉၃၀၃/ ၂၀၂၄) |

**ရုံးခန်း- လမ်း၃၀နှင့် ၃၁လမ်းကြား၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ ရန်မျိုးလုံရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၅၄၅၄၉၆၂၂**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်ကြီး၊ နန်းတော်ရာရပ်၊ အကွက်အမှတ်(၆၀၃-က) မြေကွက်အမှတ်(၁၆၇)အတွင်းမှ အရှေ့အနောက် (၂၆)ပေ × တောင်မြောက် ပေ(၈၀) ဧရိယာ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ နံကပ်တိုက်(၁)လုံး၊ အဝီစိတွင်းရေ၊ ရေစက်မော်တာ၊ လျှပ်စစ်မီးမီတာ၊ သွယ်တန်းလျှပ်စစ်ကြိုး၊ ဝင်းခြံအကာအရံ၊ ပေါက်ရောက်သစ်ပင်တို့ကို အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ပြောဆိုဝန်ခံကတိပြုသူ ဒေါ်မိုးသီတာလှိုင်(ဘ)ဦးတင်ဝင်း (၁၂/ဒပန(နိုင်)၀၀၀၃၇၇) ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၅)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**
**(Liberal) ဥပဒေအကျိုးဆောင်**

| ဦးကျော်စင် (LL.B, D.B.L) | ဦးစိုးရန်ပိုင် (LL.B) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |

**အကွက်(၄၈၀-က)၊ သာမိုးတောင်ရပ်၊ တမ္ဗဝတီ၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၃၇၃၃၃၆၈၊ ၀၉-၄၀၂၇၆၄၃၃၆၊ ၀၉-၂၂၁၂၀၅၅၊ ၀၉-၄၄၉၉၄၇၇၆၂**

# အိမ်ငှားမည်

**လေးထပ်တိုက်လုံးချင်း**

**၆၇လမ်းနှင့် ၁၀၂(A)လမ်းထောင့်အနီး**

**ဖုန်း - ၀၉-၇၉၉၈၇၁၉၄၂ ၊ ၀၉-၇၉၀၈၉၈၃၃၃**


## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၇၄/၁)၊ ဦးပိုင်အမှတ်(၅၂+၅၃)၊ ဧရိယာ (၀ ဒသမ ၀၂၇၅+ ၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဦးချစ်သွေး အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်သော ဦးကြည်ဝေ(ဘ) ဦးစံတင်(၅/ခတန(နိုင်)၀၀၉၀၂၄)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက် လွှဲပြောင်းဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်တင်နီလာဝင်း (တရားလွှတ်တော်ရှေ့နေ)**

**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လှဲ့လှဲ့နွယ်**

**(တရားလွှတ်တော်ရှေ့နေများ)**

**အကွက်(ယ-၆/ ၂၊၃)၊ ၆၉လမ်း၊မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊မန္တလေးမြို့။၀၉-၂၀၁၉၇၀၁၊၀၉-၉၄၄၉၇၂၃၃၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(၉)၊ ဦးပိုင်အမှတ်(၆၀)၊ ဧရိယာ (၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးမောင်မောင် အမည်ပေါက် ဂရန်မြေကွက်၊ ဦးပိုင်အမှတ်(၆၁)၊ ဧရိယာ (၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးအောင်အောင် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်သော ဒေါ်ခင်သန်းနု(ဘ) ဦးသိန်းဖေ(၉/မမန(နိုင်)၀၄၆၃၈၁)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက် လွှဲပြောင်းဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်တင်နီလာဝင်း (တရားလွှတ်တော်ရှေ့နေ)**

**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လှဲ့လှဲ့နွယ်**

**(တရားလွှတ်တော်ရှေ့နေများ)**

**အကွက်(ယ-၆/ ၂၊၃)၊ ၆၉လမ်း၊မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊မန္တလေးမြို့။၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ်(၄၁၃-က၊အပိုင်း-၇)၊ ဦးပိုင်အမှတ်(၄၆-ခ)၊ ဧရိယာ (၀ ဒသမ ၀၂၄၈)ဧက အကျယ်အဝန်းရှိ ဒေါ်နန်းမြင့်ရီ၊ ဒေါ်သန္တာဝင်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်သော ဦးစန်းလွင်အောင်(ဘ)ဦးစောအောင်(၉/ပဘန(နိုင်)၀၇၄၈၄၆)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်တင်နီလာဝင်း (တရားလွှတ်တော်ရှေ့နေ)**

**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လှဲ့လှဲ့နွယ်**

**(တရားလွှတ်တော်ရှေ့နေများ)**

**အကွက်(ယ-၆/ ၂၊၃)၊ ၆၉လမ်း၊မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊မန္တလေးမြို့။ ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အမရဥ္စနီအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၄၁၅-မ/၃၃)၊ ဦးပိုင်အမှတ်(၁၆-ဃ)၊ ဧရိယာ (၀ ဒသမ ၃၇၅၀)ဧက အကျယ်အဝန်းရှိ မြေကွက်အတွင်းမှ (တောင်ဘက်ခြမ်း) အရှေ့ဘက်(တ-မ)(၅၄)ပေ၊ အနောက်ဘက်(တ-မ)(၄၈)ပေ၊ တောင်ဘက်(ရ-န)(၅၂)ပေ၊ မြောက်ဘက်(ရ-န)(၄၈)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ယဉ်မွန်စန်း(ခ)ရင်မွန်ဆန်း(ဘ)ဦးသောင်းရှိန်(၉/အမဇ(နိုင်)၀၂၉၈၃၁)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဦးလှဘုန်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချော့စု | ဦးဝင်းမောင် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ် (အေ-၁)၊ ၆၇လမ်း၊ ၃၁-အေလမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## (၁၅-၆-၂၀၂၆)ရက်ထုတ် "မန္တလေးနေ့စဉ်"သတင်းစာ၊ စာမျက်နှာ(၁၈)ပါ ဦးဖြူသိန်းထွန်း(ခ)ဦးဆွာလေး၏ လွှဲအပ်ချက်အရ ကြေညာခဲ့သည့် တရားလွှတ်တော်ရှေ့နေ ဦးမောင်မောင်အေး၏ ကြေညာချက်အပေါ် အများသိစေရန် ပြန်လည်ရှင်းလင်း သတိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၂၈လမ်း၊ လမ်း ၈၀နှင့် ၈၁လမ်းကြားနေ ဒေါ်ရွှေရည်ထွန်း(ဘ)ဦးထွန်းထွန်း(၉/အမဇ (နိုင်)၀၁၃၅၉၉)၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်း သတိပေးကြေညာလိုက်သည်။

ဦးဖြူသိန်းထွန်း(ခ)ဦးဆွာလေး၏ ကြေညာချက်တွင်ပါရှိသော ကျွန်ုပ်မိတ်ဆွေ ဒေါ်ရွှေရည်ထွန်းနှင့် ဦးဖြူသိန်းထွန်း(ခ)ဦးဆွာလေးတို့မှာ ၂၀၀၃ ခုနှစ်တွင် အစ္စလာမ်တရားတော်နှင့်အညီ လက်ထပ်ထိမ်းမြားခဲ့ပြီး သား၊ သမီး (၂)ဦးထွန်းကားခဲ့ကြောင်း ဖော်ပြချက်မှအပ ကျန်အချက်များမှာ လုံး၀(လုံး၀)မှားယွင်း နေပါကြောင်း ဦးစွာသိစေလိုပါသည်။ လင်မယား အတူပေါင်းသင်း နေစဉ် ၂၀၁၈ ခုနှစ်တွင် ဦးဖြူသိန်းထွန်း(ခ)ဦးဆွာလေးမှာ အခြားအမျိုးသမီးတစ်ဦးနှင့် လူမှုရေးအရှုပ်အရှင်းများဖြစ်ခဲ့ပြီး မရှင်းနိုင်တော့သောကြောင့် ဇနီးနှင့်သားသမီးများအား စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် ရက်စက်မှုများ အကြိမ်ကြိမ်ပြုလုပ်ကာ (၉-၇-၂၀၁၈)ရက်တွင် နေအိမ်မှထွက်သွားခဲ့ခြင်းသာ ဖြစ်ပါသည်။

ထိုသို့ ထွက်သွားသည့်အချိန်မှစ၍ ယနေ့အချိန်အထိ ဦးဖြူသိန်းထွန်း(ခ)ဦးဆွာလေးသည် ဇနီးနှင့် ကလေးများ၏ နေထိုင်စားသောက်မှုစရိတ်များကို တစ်လုံးတစ်ပါဒမျှ ထောက်ပံ့ပေးကမ်းခြင်းမရှိဘဲ လင်ယောကျ်ား၊ အိမ်ထောင်ဦးစီးတစ်ယောက်၏ တာဝန်များ ပျက်ကွက်ခဲ့ပါသည်။ ဦးဖြူသိန်းထွန်း(ခ)ဦးဆွာလေးအနေဖြင့် အစ္စလာမ်တရားတော်နှင့်အညီ တစ်ကြိမ်တစ်ခါမျှ တလာက်ပေးခြင်းမျိုးလည်း မရှိကြောင်း ထပ်လောင်းအသိပေးအပ်ပါသည်။ အကယ်၍ ဦးဖြူသိန်းထွန်း(ခ)ဦးဆွာလေးအနေဖြင့် ဒေါ်ရွှေရည်ထွန်းနှင့် လာရောက်တွေ့ဆုံကာ ထောက်ပံ့မှုမရရှိသော ကလေးများ၏စရိတ်နှင့်ပတ်သက်၍ ဥပဒေနှင့်အညီ စီမံဆောင်ရွက်ပေးပါက လင်မယားကွာရှင်းရန်ကိစ္စအား ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ခြင်းမရှိဘဲ သတင်းစာမှလည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့်လည်းကောင်း၊ ဒေါ်ရွှေရည်ထွန်း၏အမည်၊ ဂုဏ်သတင်း၊ အကျိုးစီးပွားတစ်စုံ တစ်ရာထိခိုက်အောင် ဆောင်ရွက်လာပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းသတိပေး ကြေညာလိုက်သည်။

**ဒေါ်ရွှေရည်ထွန်း၏ လွှဲအပ်ချက်အရ –**

**လွှဲအပ်ချက်အရ-**

**ဒေါ်ခင်နီနီစိုး (LL.B)**

**(တရားလွှတ်တော်ရှေ့နေ)**

**အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့်လမ်း၂၀ကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၂-၄၀၆၈၈၃၉၊ ၀၉-၂၀၀၆၀၂၉၊ ၀၉-၇၉၂၀၀၆၀၂၉၊ ၀၉-၆၉၂၀၀၆၀၂၉**

ladylawyer. khinninisoe @ gmail. com

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် အောင်ပွဲရရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

နေပြည်တော် ဇွန် ၂၈

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် ကရင်ပြည်နယ် ဘော်စဲခိုဒေသတစ်ဝိုက် စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော အောင်ပွဲရရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့ညနေပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် စိုးကျော်ထက်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ အိုးစည်ဒိုးပတ် အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် အောင်ပွဲရ ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြစဉ်။

## Fire Dragon Futsal Amateur Cup 2026 ပြိုင်ပွဲတွင် KSL FC အသင်း ဗိုလ်စွဲ




ရန်ကုန် ဇွန် ၂၈

Fire Dragon Futsal Amateur Cup 2026 ပြိုင်ပွဲ၏ ဇွန် ၂၈ ရက်က MFF Futsal Stadium တွင် နောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ် Cherry Army FC နှင့် KSL FC တို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ KSL FC က လေးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲခဲ့သည်။

Fire Dragon Futsal Amateur Cup 2026 ပြိုင်ပွဲ ဗိုလ်လုပွဲ ပြီးဆုံးချိန်တွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပခဲ့ရာ EABC Distribution Co.,Ltd မှ National Event & Activation Manager ဦးမျိုးမင်းလတ်က ပြိုင်ပွဲတွင် တာဝန်ထမ်းဆောင်ခဲ့သော ဒိုင်လူကြီးများကို အမှတ်တရဆုများ ပေးအပ်ခဲ့သည်။ ထို့နောက် ပြိုင်ပွဲ၏ အသန့်ရှင်းဆုံးဆုအဖြစ် Seven FC အသင်းကလည်းကောင်း၊ ပြိုင်ပွဲ၏ အကောင်းဆုံး ဂိုးသမားဆုအဖြစ် KSL FC အသင်းမှ ဇော်ရဲထက်ကလည်းကောင်း၊ ပြိုင်ပွဲ၏ အကောင်းဆုံး ကစားသမားဆုအဖြစ် KSL FC မှ အောင်ကိုမင်းကလည်းကောင်း အသီးသီးဆွတ်ခူးခဲ့ပြီး တာဝန်ရှိသူများက ဆုများချီးမြှင့်သည်။

ထို့နောက် ပြိုင်ပွဲ၏ တတိယဆုရရှိခဲ့သော DAE FC အသင်းက တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် သိန်း ၃၀၊ ပြိုင်ပွဲတွင် ဒုတိယဆုရရှိခဲ့သော Cherry Army FC အသင်းကို တစ်ဦးချင်း ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် သိန်း ၅၀၊ ပြိုင်ပွဲ၏ ချန်ပီယံဆုရရှိခဲ့သော KSL FC အသင်းကို တစ်ဦးချင်း ဆုတံဆိပ်၊ ဆုကြေးငွေကျပ်သိန်း ၇၀ ချန်ပီယံဆုဖလားတို့ကို တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

နိုင်ကမ္ဘာ

## ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ခုနစ်ပွဲဆက် ဂိုးသွင်းယူနိုင်သည့် ပထမဆုံးကစားသမားအဖြစ် မက်ဆီ မှတ်တမ်းဝင်

လန်ဒန် ဇွန် ၂၈

အာဂျင်တီးနားအသင်း တိုက်စစ်မှူး မက်ဆီသည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် (၇)ပွဲဆက် ဂိုးသွင်းယူနိုင်သည့် ပထမဆုံးကစားသမားအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ၂၀၂၆ ကမ္ဘာ့ဖလား အုပ်စု(J) ပွဲစဉ်အဖြစ် အာဂျင်တီးနားအသင်းက ဂျော်ဒန်အသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန် သွင်းဂိုးတစ်ဂိုး သွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး မက်ဆီသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း သွင်းဂိုး ခြောက်ဂိုးထိ သွင်းယူထားပြီး ဂိုးသွင်းအများဆုံး ကစားသမားအဖြစ်လည်း ထိပ်ဆုံးနေရာတွင် ရပ်တည်ခဲ့သည်။

မက်ဆီသည် အာဂျင်တီးနားအသင်းနှင့်အတူ ၂၀၀၅မှ ၂၀၂၆ခုနှစ်အတွင်း နိုင်ငံတကာပွဲပေါင်း ၂၀၂ပွဲကစားကာ ၁၂၃ဂိုးထိ သွင်းယူထားသည်။

အသက်(၃၉)နှစ်အရွယ်ရှိ မက်ဆီက "ကျွန်တော် အခုလို မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို မှတ်တမ်းတွေအပြင် အသင်းနှင့်အတူ ကမ္ဘာ့ဖလားချန်ပီယံဆုကြီး ဆွတ်ခူးနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။



ကမ္ဘာ့အဆင့်(၁)ရှိ အာဂျင်တီးနားအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ၃၂သင်းအဆင့်တွင် ကမ္ဘာ့အဆင့် (၆၇)ရှိ ကိပ်ဗာဒီအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ (NGB)

### ယနေ့ ဖတ်စရာ အညွှန်း

သမိုင်းတစ်လျှောက်အကြီးဆုံး ကင်းမြီးကောက်မျိုးစိတ်သစ်ကို သုတေသီများ မကြာသေးမီက အတည်ပြု — စာမျက်နှာ ၇

ဥရောပတိုက်တစ်ဝန်း အပူချိန် စံချိန်သစ်များ ထပ်မံတင် အလွန်ပူပြင်းသော ရာသီဥတု နောက်တစ်ရက် ရင်ဆိုင်ခဲ့ရ — စာမျက်နှာ ၈

မန္တလေးငလျင်နဲ့ ဌာပနာအမွေအနှစ်များ-၃၆ (ဆောင်းပါး) — စာမျက်နှာ ၁၄